EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၃) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" ( စက်တင်ဘာ ၁၇ ၊ ၂၀၁၈ )

## နှစ်ပေါင်း ၆၀ ခန့် တိမ်မြုပ်ခဲ့သော ကချင်ရိုးရာ NLung Nnan ကောက်သစ်စား မနောင်ပွဲကြီး ပြန်လည်ကျင်းပတော့မည်

စာ - ၁၉ သို့ »

## ကချင် ကရာတေး လူငယ်များ သိမ်းပိုက်ခဲ့သော စက်ကာပူ ရွှေတံဆိပ် ၄ ခု

"ကျွန်တော်တို့ကလေးတွေက အမှတ်ယူပြီး ပွဲဓာလေးနဲ့ အနိုင်ရရှိခဲ့တာဖြစ်တယ်။ တစ်မိနစ်ခွဲလောက်နဲ့ အမှတ်နဲ့ယူပြီး ကလေးတွေက အနိုင်ရခဲ့တာဖြစ်တယ်။ အဓိကအမှတ်ယူတဲ့အပိုင်းကို ကျွန်တော် လုပ်ပေးခဲ့တယ်။ အဲဒီစနစ်ကို ထပ်ခါထပ်ခါလေ့ကျင့်ပေးတယ်"

စာ - ၂ သို့ »



ဓာတ်ပုံ - ဂျီး (ပူတာအို)

## ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် ပူတာအိုဒေသ ပြန်လည် ထူထောင်ရေးအတွက် အကူအညီလိုအပ်နေ

စာ - ၄ သို့ »

စက်တင်ဘာ ၁၄

ပူတာအိုမြို့နယ် ကျေးရွာအချို့တွင်တောင်ကျရေကြောင့် ရေကြီးရေလျှံ ဖြစ်ပွားခဲ့၍ ဒေသခံပြည်သူများ အထောက်အပံ့ လိုအပ်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ပူတာအိုမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ မြင့်တက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပူတာအို အထက်ပိုင်းရှိ ဆန်ဂေါင်ချောင်း၊ နမ်ပလပ်ချောင်းနှင့် မူလာချောင်းများ ရေမြင့်တက်လာပြီး အထက်ဆန်ဂေါင်၊ မန်စေ၊ လုံမူဒမ်း၊ ဝါဆား၍၊ ဖန်ခိုင်၊ မုံငူ၍၊ ပူတောင်းနှင့် မုဒုံတို့ရှိ အိမ်ခြေ ၄၁၀ ခန့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရကြောင်း သိရသည်။

ထိုသို့ ချောင်းရေများမြင့်

## ကာမိုင်းမြို့နယ်၊ လွယ်ဆိုင်ရွာတွင် စစ်တပ်က ဖမ်းဆီးခဲ့သော အရပ်သားနှစ်ဦးကိုရုံးထုတ်စစ်ဆေး

စာ - ၅ သို့ »

## မြစ်ဆုံရေကာတာ ဆက်လက်တည်ဆောက်လျှင် အကျိုးထူးများရရှိမည်ဟုဆိုကာ တရုတ် SPIC မှ ဒေသခံများကို စည်းရုံး

စာ - ၉ သို့ »

## ဖားကန့် ဥရုချောင်းဘေးက ကျူးကျော်တဲများကို ယခုလမကုန်မီ အပြီးဖယ်ရှားပေးရန် အုပ်ချုပ်ရေးမှူးအမိန့်ပေးထား

စာ - ၄ သို့ »

## သီချင်းသုံးပုဒ်ဖြင့် ပရိသတ်ကိုချော့လိုက်တဲ့ တေးသံရှင် ဝန နှင့်တွေ့ဆုံခြင်း

စာ - ၁၁ သို့ »



## ဒုက္ခသည်စခန်းမှာ အလုပ်ကြိုးစားပြီး မြစ်ကြီးနားမှာ အိမ်တစ်လုံး ဝယ်နိုင်ခဲ့တဲ့ Kachin Hills Bamboo Craft မိသားစု

စာ - ၃ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(စက်တင်ဘာ ၁၇ ၊ ၂၀၁၈)

# ကချင်ကရာတေးလူငယ်များ သိမ်းပိုက်ခဲ့သော စင်္ကာပူ ရွှေတံဆိပ် ၄ ခု

Salai မေးမြန်းသည်

စက်တင်ဘာ ၁၃

စင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ချစ်ကြည်ရေး ဖိတ်ခေါ် ကရာတေးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ၁၈ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ၁၅ ဦးမှာ ကချင်ပြည်နယ်မှ လူငယ်များဖြစ်ပြီး ချန်ပီယံရွှေဆု ၄ ဆု၊ ငွေ ၂ ဆု၊ ကြေး ၃ ဆုတို့ အသီးသီး ရရှိခဲ့ကြသည်။

ချန်ပီယံဆုရရှိသူ ၄ ဦးမှာ ကချင်ပြည်နယ် ကရာတေးအဖွဲ့မှ မဆိုင်းနူး၊ မောင်ဂျာလ၊ မဆိုင်းဆန်မိုင်နူးနှင့် မောင်ဆိုင်းလတ်အောင် ဖြစ်ကြပြီး ထို ၄ ဦးအနက် မဆိုင်နူးနှင့် မောင်ဂျာလတို့ (၂) ဦးမှာ စစ်ရှောင်စခန်းတွင် နေထိုင်သူများဖြစ်သည်။ မဆိုင်နူးသည် ရွှေစက်စစ်ရှောင်စခန်းတွင် နေထိုင်သူဖြစ်ပြီး၊ မောင်ဂျာလသည် ဒူကထောင်ရပ်ကွက် ၄ စစ်ရှောင်စခန်းတွင် နေထိုင်သူဖြစ်သည်။

စင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ အတွေ့အကြုံများကို မြစ်ကြီးနား၊တပ်ကုန်းရပ်ကွက် ကျို့ရှင်း ကရာတေး တပ်ကုန်းကလပ်မှ သင်တန်းဆရာ ကိုယိန်းဘောမ် (ခေါ်) Da Rock နှင့် မြစ်ကြီးနားသတင်းဂျာနယ်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြပေးလိုက်ပါသည်။



မ ဆိုင်းနူး



မ ဆိုင်းဆန်မိုင်နူး



မောင် ဂျာလ



မောင် ဆိုင်းလတ်အောင်



တပ်ကုန်း ကလပ်မှ သင်တန်းဆရာ ကိုယိန်းဘောမ်




ကချင်လူထုမှ ချန်ပီယံဆုရှင်များအား ကြိုဆိုဂုဏ်ပြုနေစဉ် ဓာတ်ပုံ - **Salai**

**မင်္ဂလာပါ မြစ်ကြီးနားသတင်းဂျာနယ်ကပါ၊ အရင်ဆုံး ဆရာ့နာမည်နဲ့ ကလပ်အသင်းစတင်ဖြစ်ပေါ်လာပုံလေးတွေကို မိတ်ဆက်ပေးပါခင်ဗျ။**

ကျွန်တော်နာမည် ယိန်းဘောမ်ပါ။ ကျွန်တော်က ကျို့ရှင်းကရာတေး တပ်ကုန်းကလပ်က သင်တန်းမှူးလည်းဖြစ်တယ်၊ သတင်တန်းဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။

**ဒီတပ်ကုန်းကလပ်ကို ဘယ်နှစ်ကစပြီး စဖွင့်ခဲ့တာလဲ။**

ဒီကလပ်ကို မနှစ်က မေလမှာဖွင့်ဖြစ်တယ်။ ဒီနှစ်နဲ့ဆိုရင် တစ်နှစ်ကျော်ပဲရှိပါသေးတယ် တပ်ကုန်းကလပ်မှာ ကျို့ရှင်းကရာတေးကို သင်ကြားနေကြတဲ့ သင်တန်းသားဦးရေဘယ်နှယောက်လောက်ရှိခဲ့ဗျ သင်တန်းသား အားလုံး ၅၀ ကျော် ၆၀ နီးပါးတော့ရှိတယ်။

**ဆရာတို့ တပ်ကုန်းကလပ်က ဒီစင်္ကာပူပြိုင်ပွဲမှာ ဘယ်နှယောက်ဆုရခဲ့လဲ။**

ကျွန်တော့် ကလပ်က ၃ ယောက်သွားပြိုင်တယ် ၃ ယောက်လုံး ချန်ပီယံဆုရရှိခဲ့ပါတယ်။

**ဒီလို အောင်မြင်မှုတွေရရှိဖို့အတွက် ဘယ်လိုခက်ခဲမှုတွေ ရင်ဆိုင်ခဲ့ရလဲ။**

ဒီကစားနည်းဖြစ်တဲ့ ကျို့ရှင်းကရာတေးကို ကချင်ပြည်နယ်ပြည်သူလူထုက အစပိုင်းက သိပ်သိကြတာမရှိခဲ့ကြဘူး။ ပြီးရင် တချို့မိဘတွေကလည်း ကရာတေးဆော့ရင် လူမိုက်လုပ်တယ်ပဲထင်ကြတယ်။ ဒီလိုမဟုတ်တဲ့ အကြောင်းတွေ သက်သေပြရတာပေါ့။ ပြီးတော့ ဒီမှာပြိုင်ပွဲတွေလုပ်ပေးရတယ်။ ကလေးတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ အားလုံးပြုပြင်ပေးပြီးတော့မှ ကျော်ဖြတ်ခဲ့ရပါတယ်။ အဲ့လို အခက်အခဲတွေနဲ့ ကျော်ဖြတ်ခဲ့ရတာပါ။

**တပ်ကုန်းကလပ်ကနေ ဒီလို ချန်ပီယံဆု ၃ ဆုရခဲ့တဲ့အပေါ် ဝမ်းသာပီတိစကားလေးပြောပေးပါအုံး။**

ကျွန်တော့် ကလပ်ကနေ ခုလို ချန်ပီယံတွေ ပေါ်ထွက်လာတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ကချင်ပြည်နယ် ကရာတေးကလပ်တွေမှာဆိုရင် ကျွန်တော့်ကလပ်က သက်တမ်းအနုဆုံးကလပ်ပါ။ ဒါပေမယ့် အဓိက ဘုရားရဲ့ ကျေးဇူးတော်ကြောင့် ခုလို အောင်မြင်မှုတွေ ရတယ်။ ကလေးတွေ ဒီလိုဆုရတော့ သင်တန်းဆရာတစ်ယောက်အနေနဲ့အများကြီးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ခုလို စင်္ကာပူနိုင်ငံမှာ သွားပြိုင်ရတဲ့အခါ ဘယ်လိုလေ့ကျင့်မှုတွေပြုလုပ်ပေးခဲ့လဲ။ သူများနိုင်ငံနဲ့ ကိုယ်နိုင်ငံက ကစားသမားတွေ ဘယ်လိုကွာခြားလဲခင်ဗျ။**

ဒီပြိုင်ပွဲဟာ International ပွဲဖြစ်တော့ ကျွန်တော့်ဘက်က ဘာလေ့လာရလဲဆိုရင် နိုင်ငံတကာ ပြိုင်ပွဲဆော့ခဲ့တာတွေကို ပြန်ကြည့်ရတယ် ခွေတွေစုရတယ် Facebook ကနေ ပြန်ရှာပြီးကြည့်တယ် သူများနိုင်ငံက ကလေးတွေဘယ်လိုဆော့တယ်ဆိုတာ လေ့လာရတယ်၊ ဒီပြိုင်ပွဲက ခွန်အားရှိတာလေ့ကျင့်တဲ့နည်းစနစ်ပိုင်းနဲ့မဟုတ်ဘူး။ အမှတ်ယူတတ်ဖို့လိုတယ်ဆိုတော့ ကျွန်တော်တို့ကလေးတွေက အမှတ်ယူပြီးပွဲခဏလေးနဲ့ အနိုင်ရရှိခဲ့တာဖြစ်တယ်။ တစ်မိနစ်ခွဲလောက်နဲ့ အမှတ်နဲ့ယူပြီး ကလေးတွေက အနိုင်ရခဲ့တာဖြစ်တယ်။ အဓိကအမှတ်ယူတဲ့အပိုင်းကိုကျွန်တော်လုပ်ပေးခဲ့တယ်။ အဲ့စနစ်ကို ထပ်ခါထပ်ခါကျင့်ပေးတယ်။ သုံးလကတည်းကနေစပြီး သက်လုံနဲ့ပတ်သက်ပြီး တာတိုပြေးခိုင်းတာတွေ လေ့ကျင့်တဲ့နည်းစနစ်ပိုင်း အမျိုးမျိုးလေ့ကျင့်ပေးခဲ့တယ်။ ပွဲနီးပြီးဆိုရင် ဟဲဗီးကြီးတွေ မလုပ်ခိုင်းတော့ဘူး အမှတ်ယူတဲ့အပိုင်းကို ပြန်လေ့ကျင့်ပေးခဲ့တယ်။ International ပုံစံကို အဓိကယူပြီး လေ့ကျင်ပေးခဲ့တာဖြစ်ပါတယ်။

**ပြိုင်ပွဲဝင်တဲ့ ကလေးတွေက ကျောင်းနေအရွယ်တွေလည်းဖြစ်တယ်၊ မိဘ အုပ်ထိန်းမှုအောက်မှာပဲရှိနေသေးတဲ့အရွယ်တွေဖြစ်နေတော့ အဲဒီအပိုင်းမှာ ပညာရေးပိုင်းမှာသော်လည်းကောင်း၊ မိဘတွေဘက်ကသော်လည်းကောင်းဘယ်လိုယုံကြည်မှုတွေ တည်ဆောက်လဲခင်ဗျ။**

ခု ပထမရတဲ့ ဂျာလဆိုတဲ့ ကလေးက ထ(၁)ကျောင်းကပေါ့နော် အတန်းပိုင်းဆရာမ၊



ကျောင်းအုပ်ကြီးတွေဆီကို ကျွန်တော်ကိုယ်တိုင်သွားပြီး တွေ့တယ်၊ ခွင့်တိုင်ပေးတယ်။ သူတို့ဘက်ကလည်း ခွင့်ပြုပေးတယ်။ ကျန်တဲ့ ကလေးနှစ်ယောက်ကိုလည်း သူတို့မိဘတွေနဲ့တွေ့ပြီး ပြောဆိုတယ်။ သူတို့မိဘဘက်ကလည်း လိုလိုလားလားကို ဘာတွေလိုလဲ၊ မိဘတွေဘက်ကလည်း ပံ့ပိုးမှုတွေရှိတယ်။ ပြီးတော့ တရုတ်ကျောင်းတက်တဲ့ကလေးတွေလည်းရှိတယ်။ အဲ့ဒါတွေကိုလည်း ခွင့်တိုင်ပေးတာတွေရှိတယ်။ သူတို့မိဘတွေကလည်း လိုလိုလားလား ပါဝင်ကူညီပေးလို့ ဒီလိုအောင်မြင်မှုမျိုးကို ရခဲ့တာပါ။

**ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ဘယ်နှယောက်သွားရောက်ခဲ့ပါသလဲ။ ပြီးတော့ ဆုဘယ်နှဆုရရှိခဲ့လဲခင်ဗျ။**

ခု ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြု ၁၈ ယောက်သွားတယ်။ ၁၅ ဦးကတော့ ကချင်ပြည်နယ်ကပေါ့၊ ရန်ကုန်က နှစ်ယောက်၊ မန္တလေးက တစ်ယောက် (၁၈) ယောက်ပေါ့။ အဲဒီထဲမှာဆုကစုစုပေါင်း ၉ ဆုရခဲ့တယ် ၉ဆုမှာ ပထမဆုက ၄ ဆု၊ ဒုတိယဆုက ၂ ဆု၊ တတိယဆုက ၃ ဆု ရရှိခဲ့ကြပါတယ်

**ရှေ့ဆက်ပြီးဘယ်လိုပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ ရှိအုံးမလဲ။**

ရှေ့ဆက်ပြီးတခြားကလပ်ကတော့မသိဘူး ကျွန်တော့်ကလပ်ကတော့ လာမယ့် ၂၀၁၉ မှာ ဂျပန်မှာ world ပုံစံတစ်ကမ္ဘာလုံးပါဝင်ပြီး လုပ်မယ်။ အဲဒီမှာ ပြိုင်ပွဲဝင်ကစားသမား အယောက် ၂၀၀၀ လောက် ရှိမယ်။ အဲ့မှာ သွားပြိုင်ဖို့ ဆက်ပြီးတော့ ပြင်ဆင်ရမှာတွေရှိတယ်။

**လူမှုကွန်ရက်ပေါ်မှာ လူတချို့က ဝေဖန်မှုတွေရှိနေတယ်။ မြန်မာကိုယ်စားပြုအနေနဲ့ သွားရောက်ကစားပြီး ဆုရတဲ့အခါ မြန်မာနိုင်ငံအလံမကိုင်ဘဲ ကချင်အမျိုးသားအလံကိုင်ဆောင်ပြီး အောင်ပွဲခံတဲ့အပေါ်မှာဝေဖန်ကြတဲ့အပေါ်မှာကော ဘာများပြောချင်ပါသလဲ။**

ဒီအပေါ်မှာကတော့ မပြောချင်ပါဘူး။ ဘာလို့လဲဆိုရင် မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားတယ်ဆိုတာ အားလုံးသိနေတယ် ဥပမာ ကရင်တွေမှာလည်း လက်ဝှေ့ထိုးတယ်ဆိုရင် သူတို့ကရင်လူမျိုးရဲ့ အလံကိုခြုံထားကြတာပဲလေ ဒီအပေါ်မှာ ဘာမှ ခံစားချက်တော့မရှိပါဘူး။

**အခုလို ဖြေကြားပေးတဲ့ အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ။**

# ဒုက္ခသည်စခန်းမှာ အလုပ်ကြိုးစားပြီး မြစ်ကြီးနားမှာ အိမ်တစ်လုံး ဝယ်နိုင်ခဲ့တဲ့ Kachin Hills Bamboo Craft မိသားစု

ဝိုင်းမော်မြို့နယ်၊ ကဇူးကျေးရွာကနေ စစ်ဘေးတိမ်းရှောင်လာကြတဲ့ ဦးဆင်ဝါးနော်တို့ မိသားစုဟာ တပ်ကုန်းငေါ့ချန်း ကေဘီစီစစ်ရှောင်စခန်းမှာမှီခိုနေထိုင်ရင်းမိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် ဝါးလက်မှုပညာမျိုးစုံကို ဆန်းသစ်ဖန်တီးပြီး ရောင်းချခဲ့ရာ အခုဆို မြစ်ကြီးနားမြို့မှာ ကိုယ်ပိုင်အိမ်နဲ့ဝင်း ဝယ်ယူနိုင်ခဲ့ပါပြီ။





၂၀၁၁ ခုနှစ် တိုက်ပွဲတွေစဖြစ်တဲ့အချိန်က ထွက်ပြေးတိမ်းရှောင်လာပြီး စစ်ရှောင်စခန်းရောက်တဲ့အခါ အထောက်အပံ့လည်း မိသားစုအတွက် မဖူလုံ၊ ဘာအလုပ်ကိုလုပ်ရကိုင်ရမယ်မှန်းလည်း မသိဖြစ်နေခဲ့ချိန် ၂၀၁၆လောက်ရောက်လာတော့ စခန်းထဲကအိမ်မှာ ဝါးနဲ့လုပ်လို့ရတဲ့ ပစ္စည်းမှန်သမျှကို စတင်လုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။

၂၀၁၈ ခုနှစ်ဇန်နဝါရီလမှာတော့ လုပ်ငန်းစတင် တိုးချဲ့ပြီး စီးပွားဖြစ် လုပ်ကိုင်ခဲ့တယ်လို့ ဦးဆင်ဝါးနော်က ပြောပါတယ်။



ဝါးနဲ့ပြုလုပ်လို့ရတဲ့ ရွှေထည့်တဲ့ ခွက်တို့၊ သောက်ရေခွက်အမျိုးမျိုးတို့၊ လင်ပန်း၊ ရေဘူး၊ ရေတကောင်း၊ ရေနွေးကရားအိုး၊ စင်းတီတုံးတွေအပြင် ဖိနပ်ထားလို့ရတဲ့ စင်၊ ခွက်နဲ့ပန်းကန်တွေ တင်ထားလို့ရတဲ့ စင်အမျိုးမျိုးကို ပြုလုပ်ပြီး အော်ဒါတွေလည်း လက်ခံနေကြောင်း သိရပါတယ်။

ဝါး လက်မှုအမျိုးအစား ၃၀ ခန့်ကို facebook မှာ ပြထားပြီး မှာယူသူတို့ စိတ်ကြိုက် ပြုလုပ်ပေးကြောင်း သိရပါတယ်။

"ဝါးက လူကိုကျန်းမာရေးအတွက် ကောင်းစေတယ်။ ဝါးခွက်မှာ ထည့်သောက်ခြင်းအားဖြင့် အဆိပ်အတောက်တွေကိုတောင် ပျောက်စေတယ်။ ကျန်းမာရေးအတွက် ကောင်းစေတယ်လို့ ရှေးလူကြီးတွေကပြောလေ့ရှိတယ်။ လက်တွေ့လည်းဖြစ်တယ်"လို့ ဦးဆင်ဝါးနော်က ဆက်ပြောသည်။

ဦးဆင်ဝါးနော်တို့ရဲ့ အမိကကုန်ကြမ်းဖြစ်တဲ့ ဝါးကတွေ့ကရာ ဝါးလုံးတွေနဲ့ လုပ်လို့မရပါဘူး။ ဝါး ကုန်ကြမ်းတွေကို ဆဒုံး၊ ကန်ပိုင်တီတို့လို ရာသီဥတုအေးတဲ့ဒေသက ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်လောက်ရှိတဲ့နေရာက ဝါးတွေကို သွားခုတ်ရတာပါ။

"အဲဒီဝါးတွေကိုပဲ ကျွန်တော်တို့ အသုံးပြုတာ ဖြစ်တယ်။ အဆစ်အမြစ်တွေ ညီတယ်။ ဝါးတွေက လှတယ်။ မြစ်ကြီးနားမှာ ပေါက်တဲ့ ဝါးတွေထက် ပိုပြီးလှတယ်"လို့လည်း ဦးဆင်ဝါးနော်က ရှင်းပြပါတယ်။

ဝါးတွေကိုအသုံးအဆောင်ပစ္စည်းအဖြစ် မပြုလုပ်ခင် ဝါးပိုးမထိုးနိုင်အောင် အရင်စီစဉ်ရပါတယ်။ အားလုံးကို ညီနေအောင်ဖြတ်ပြီး ကျောက်ချဉ်နဲ့ ဆားပါတဲ့ရေထဲမှာ ပထမတစ်ဆင့်ပြုတ်လိုက်ပါတယ်။ အဲဒီပစ္စည်းတွေ မဟုတ်ရင်တော့ ခါးတဲ့အရွက်၊ သစ်မွှေးရွက်နဲ့ ရှောက်ရွက်တွေနဲ့ပြုတ်ရတယ်လို့ သိရပါတယ်။

ညီအောင်ဖြတ်ထားတဲ့ ဝါးတွေကို အခွံခွာပြီး နေလှန်းထားရပါတယ်။ မိုးရာသီမှာဆိုရင်တော့ မီးဖိုပေါ်တင်ပြီး အခြောက်ခံရတယ်လို့ ဆိုပါတယ်။ ဝါး မခြောက်သွေ့ခင် အသုံးအဆောင်ပစ္စည်းတွေ ပြုလုပ်မိရင် မှိုတက်တတ်တယ်လို့လည်း သိရပါတယ်။

လက်တွေ့ လုပ်ဆောင်ရတဲ့ အပိုင်းမှာလည်း မိမိပြုလုပ်ချင်တဲ့ အမျိုးအစား၊ အရွယ်အစားပေါ်မူတည်ပြီး ခွဲခြားပြီးမှ အဆင့်ဆင့်ပြုလုပ်ရတယ်လို့လည်း သိရပါတယ်။

"ဘာလုပ်မှာလဲ. . ခွက်အကြီး လုပ်မှာလား. . ခွက်အသေးလား အဲဒီအပေါ်မူတည်ပြီး ပြန်ဖြတ်ရတာ။ အကြီးဆိုအကြီး၊အသေးဆိုအသေး သပ်သပ်စီခွဲပြီးလုပ်တာ ဖြစ်တယ်" လို့လည်း အပိုင်းပိုင်းဖြတ်ထားတဲ့ အရွယ်စုံ၊ ဆိုဒ်စုံဝါးလုံးတွေကို ညွှန်ပြရင်း သူကပြောပါတယ်။

ပြုလုပ်တဲ့အခါမှာလည်း ပစ္စည်းအမျိုးအစားပေါ် မူတည်ပြီးခွက်အရှည်ဆိုရင် တစ်နေ့ ၁၀ လုံးခန့်၊ လက်ဖက်ရည်ခွက်အတိုဆိုရင်တော့ဖြင့် အလုံး ၄၀-၅၀ ခန့် ပြီးစီးတယ်လို့လည်း ပြောပါတယ်။

"ဝါးနဲ့ပြုလုပ်ရတဲ့ ပစ္စည်းတွေထဲမှာ အခက်အခဲဆုံးနဲ့ လက်အဝင်ဆုံးက ရေနွေးကရားအိုးဖြစ်ပြီး၊ အသုံးပြုတဲ့ ဝါးအမျိုးအစားကလည်း မြစ်ကြီးနားတစ်ဝိုက်မှာပေါက်လေ့ရှိတဲ့ ကချင်လို ဝါရာ(Wara) လို့ခေါ်တဲ့ ဝါးနဲ့မှ လုပ်လို့ရပေမယ့်ဝါးသက်တမ်း ၂နှစ်နဲ့၄နှစ်သားအရွယ် ဝါးကိုရွေးပြီး ပြုလုပ်ရတယ်"လို့ ဆိုတယ်။

အဲဒီ ဝါရာဝါးနဲ့ လင်ပန်းလုပ်ရာမှာလည်း အသုံးပြုလို့ရတယ်လို့ သိရပါတယ်။

၎င်းဝါးလက်မှုပညာပစ္စည်းများသည် ကောင်းစွာအသုံးပြုလျှင် နှစ် ၃၀ ခန့် အသုံးပြုနိုင်ပြီး မသုံးစွဲဘဲသိမ်းထားလျှင် မှိုတက်၍ ကွဲအက်ပျက်စီးတတ်ကြောင်းလည်း ၎င်းက ပြောပါတယ်။

အခုချိန်မှာဆို ဝါးလက်မှုနဲ့ပတ်သက်ပြီး သင်တန်းများလည်း ပို့ချပေးနေကြောင်း၊ လုပ်ငန်းလိုင်စင် ရရှိရန်လည်း လျှောက်ထားနေတယ် လို့လည်း ပြောပါတယ်။

"တခြားစစ်ရှောင်တွေကို ပြောချင်တာက ဒီအလုပ်က ရိုးရှင်းတယ်၊ မိန်းကလေး၊ သက်ကြီးတွေလည်း လုပ်လို့ရတယ်၊ အရမ်းကြီး ပင်ပန်းစရာမလိုဘူး၊ စိတ်ဝင်စားမှုရှိတယ်၊ လုပ်ချင်တယ်၊ တတ်ချင်တယ်ဆိုရင် သင်တန်းပေးဖို့ အသင့်ပါပဲ၊ အချို့စစ်ရှောင်စခန်းတွေမှာလည်း လောလောဆယ် သင်တန်းပေးတာတွေ ရှိတယ်" လို့လည်း ပြောပါတယ်။

ကျွန်တော်တို့ရဲ့ ဝါးလက်မှုအတတ်ပညာကို ကမ္ဘာကအသိအမှတ်ပြုတဲ့အထိ ထိုးဖောက်သွားမှာပါ လို့လည်း Kachin Hills Bamboo Craft မိသားစုက ပြောပါတယ်။

**လဖိုင်လု**

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါ်င်ဒေါ်င်နုတ်

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် ပူတာအိုဒေသ ပြန်လည်ထူထောင်ရေးအတွက် အကူအညီလိုအပ်နေ



ရေကြီးရေလျှံမှု ကြောင့် စပါးများ ရေစို ပျက်စီးနေပုံ



ဓာတ်ပုံ - ဂျိုး(ပူတာအို)

စက်တင်ဘာ ၁၄

ပူတာအိုမြို့နယ် ကျေးရွာအချို့တွင်တောင်ကျရေကြောင့် ရေကြီးရေလျှံ ဖြစ်ပွားခဲ့၍ ဒေသခံပြည်သူများ အထောက်အပံ့ လိုအပ်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ပူတာအိုမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ မြင့်တက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပူတာအို အထက်ပိုင်းရှိ ဆန်ဂေါင်ချောင်း၊ နမ်ပလပ်ချောင်းနှင့် မူလာချောင်းများ ရေမြင့်တက်လာပြီး အထက်ဆန်ဂေါင်၊ မန်စေ၊ လုံမူဒမ်း၊ ဝါဆားရ်၊ ဖန်ခိုင်၊ မုံငူရ်၊ ပူတောင်းနှင့် မုဒုံတို့ရှိ အိမ်ခြေ ၄၁၀ ခန့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရကြောင်း သိရသည်။

ထိုသို့ ချောင်းရေများမြင့်တက်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ တစ်နှစ်စာအတွက်စုဆောင်းသိုလှောင်ထားသည့် ဆန်၊ စပါးများ ပျက်ဆီးခဲ့ပြီး ကျွဲ၊ နွား၊ ကြက်၊ ဝက် အစရှိသည့် အိမ်မွေးတိရစ္ဆာန်များကိုလည်း ဆုံးရှုံးခဲ့ရကြောင်း ဖန်ခိုင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

“ကျွန်မတို့ရဲ့အိမ်က ဘာမှကိုမကျန်တော့ဘူး။ အကုန်ပါသွားတယ် စပါးပုံ ၁၀၀ ပြီးတော့ အိမ်ဆောက်မယ်ဆိုပြီး ဝယ်ထားတဲ့ ပျဉ်အိမ်တစ်အိမ်စာ အကုန်ပါသွားပြီ ဝက် ၂ ကောင်၊ ကြက်ကအကောင် ၂၀ လောက်ရှိမယ်၊ လယ်တွေ စိုက်ခင်းတွေလည်း အကုန်လုံးပါသွားတယ်။ နောက်နှစ်အတွက် လှောင်ထားတဲ့ ဟာတွေမရှိတော့ဘူးဆိုတော့ ဘာစားပြီး စားရေးသောက်ရေးအတွက် ဘယ်လိုဖြေရှင်းရမလဲဆိုပြီး စိတ်ပူနေရတယ်။ အခုလည်း စားစရာတောင်မရှိတော့ဘူး” ဟု မန်စေကျေးရွာအုပ်စုမှ ဒေါ်ညီးဆာနိုက ပြောသည်။

လယ်၊ယာများပျက်စီးသွားသည့်အတွက် ယခုနှစ်တွင်ပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိတော့၍ ၎င်းက ရှေ့ရေးအတွက် အလွန် စိုးရိမ်နေကြသည်ဟုလည်း ဒေသခံများက ပြောသည်။

“ကျွန်တော်ရဲ့ လယ်က ၁ ဒသမ ၄ ဧက လောက်ရှိ အထဲမှာ ၁ ဧကလောက်က အကုန်ပျက်စီးသွားပြီ၊ ကျန်တဲ့ ဧကကလည်း သစ်ပင်ကြီးတွေ ဖုံးဖိထားတယ်၊ သဲကျောက်တွေ ပြည့်ကုန်ပြီဆိုတော့ လုပ်ကိုင်စားသောက်လို့ မရတော့ဘူး” ဟု အထက်ရှန်ဂေါင်ကျေးရွာတွင် နေထိုင်သူ ဦးဖရန်ဂန်ရင်က ပြောသည်။

ထို့အပြင် ရေကြီးမှုကြောင့် လမ်းတံတားများ ပျက်စီးကာ ကျောင်းသား/သူများကျောင်းသွားလာရန် အခက်အခဲများနှင့်လည်း ရင်ဆိုင်နေရကြောင်း ဝါးဆားရ်အုပ်ချုပ်ရေးမှူးက ပြောသည်။

“သက်ဆိုင်ရာတွေလည်း လာမကြည့်သေးဘူး။ ကျွန်တော်တို့ရွာမှာရှိတဲ့ ကျောင်းသား/သူတွေ ရေကြီးတော့ ကျောင်းမသွားနိုင်ဘူး၊ လမ်းကလည်း အရမ်းနိမ့်တော့ ရေက နှစ်တိုင်းလိုလို တက်တယ်။ ဒါပေမဲ့ ခါတိုင်းနှစ်က ဒီလောက်မဆိုးဘူး ဒီနှစ်က တော်တော်လေးတက်တော့ အများကြီး ဒုက္ခရောက်ကြတယ်”ဟု ဦးအားဖူဆာက ပြောသည်။

ရေကြီးမှုကြောင့် မုံငူရ်တွင် ၇၆ အိမ်၊ ဝါးဆားရ်တွင် ၁၀၂ အိမ်၊ အထက်ရှန်ဂေါင်ကျေးရွာတွင် ၃၄ အိမ်၊ ပူတောင်းတွင် ၃၈ အိမ်၊ မုဒုံ (၁)(၂) တွင် ၃ အိမ်၊ လုံမူဒမ်းတွင် ၃၉ အိမ်၊ မန်စေတွင် ၆ အိမ်၊ ဖန်ခိုင်(၁)(၂)တွင် ၉၅ အိမ်စုစုပေါင်း အိမ်ခြေ ၄၀၀ ကျော်ခန့် ပျက်စီးခဲ့ပြီး လူ နှစ်ယောက် ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်ခြေများဆုံးရှုံးမှု တန်ဖိုးစုစုပေါင်းမှာ ကျပ်သိန်းတစ်သောင်းခန့် ရှိနိုင်ကြောင်းလည်း ရဝမ်စာပေယဉ်ကျေးမှုလူငယ်အဖွဲ့က စစ်တမ်းကောက်ယူထားသည့်အချက်အလက်များအရ သိရသည်။

“လယ်ယာ တစ်ဧကကို သိန်း ၃၀။ ခြံဝင်းကို သိန်း ၈၀၊ စပါးတွေ သူတို့ ပျက်စီးတဲ့ဟာတွေကို စသဖြင့်ပေါ့၊ အဲဒီလို တွက်ထားတာပါ။ ကျွန်တော်က ခုလက်ရှိပေါက်ဈေးအတိုင်းပဲတွက်ထားတာပါ” ရဝမ်စာပေ ယဉ်ကျေးမှုအဖွဲ့မှ ကိုဖေနောင်းက ပြောသည်။

စက်တင်ဘာလ ၈ ရက်နေ့မှ စတင်၍ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်နေ့တွင် ရေများ ပြန်လည် ကျဆင်းခဲ့သော်လည်း ရေနှင့်အတူမျောပါလာသည့် သစ်ကိုင်း၊ သစ်တုံး၊ သဲကျောက်များကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ရှင်းလင်းမှုများလည်း ပြုလုပ်နေရကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့် ကျေးရွာများတွင် ၁၉၉၄ ခုနှစ်က တစ်ကြိမ် ဖြစ်ပွားခဲ့ဖူးသော်လည်း ယခုကဲ့သို့ ကြီးကြီးမားမားဆုံးရှုံးပျက်စီးမှုများ ဖြစ်ပွားခဲ့ခြင်းမျိုး မရှိခဲ့ကြောင်းလည်း သိရသည်။

ဂျိုး(ပူတာအို)/ Salai

# ဖားကန့် ဥရုချောင်းဘေးက ကျူးကျော်တဲများကို ယခုလမကုန်မီ အပြီးဖယ်ရှားပေးရန် အမိန့်ပေးထား

မြစ်ကြီးနား၊ စက်တင်ဘာ ၁၃

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊အေးမြသာယာရပ်ကွက်နှင့် ဆက်စပ်လျက်ရှိသည့် ဥရုချောင်းကမ်းပါး တစ်ဝိုက်တွင် ကျူးကျော်ဝင်ရောက်နေထိုင်ထိုင်သည့် တဲအိမ်များကို စက်တင်ဘာလ ၂၁ ရက်နေ့အပြီး ဖယ်ရှားပေးရန် ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

လက်ရှိတွင် မြေနေရာ ၁၁ နေရာကို အမှတ်အသားပြုလုပ်ကာ မြေနေရာဦးထားသည့်အပြင် လက်ရှိနေထိုင်နေသည့် တဲအိမ် ၅ အိမ်(ဈေးဆိုင်ခန်းအပါ)ကို အထက်ပါသတ်မှတ်ရက်တွင် ပြောင်းရွှေ့ပေးရန် စာထုတ်ခဲ့ခြင်း ဖြစ်သည်။

“ဆန်းကြွယ် ရွာဘက်ကို သွားတဲ့လမ်းပေါ်မှာပေါ့နော်။ အကွက်အကွင်းလေးကလည်း ကောင်းနေတဲ့ အခါကျတော့ နေရာဦးကျတာပေါ့။ ရတနာနယ်မြေလည်း ဖြစ်တယ်။ ဥရုချောင်းနယ်နိမိတ်လည်း ဖြစ်တဲ့အတွက် လမ်းကပေတစ်ရာလောက်ဖြစ်နေတာ။ ရချင်တဲ့သူတွေက နေရာလာမှတ်တာပေါ့။ အဲဒါလေးကို ဖယ်ရှားဖို့ စာထုတ်ထားတယ်”ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းနေရာသည် သက်တမ်းကုန်လုပ်ကွက် မြေနေရာဖြစ်ပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်ကမှ မြေဖို့လမ်းခင်းပြုလုပ်ထားသည့် နေရာဖြစ်ကြောင်း၊ ယခုအခါတွင် အမှတ်အသားပြုလုပ်ကာ နေရာများ လာဦးနေကြသည်ဟုလည်း မော်စီစာကျေးရွာနေ ကိုအောင်နေမင်းမှပြောသည်။

“အခုနေတာတော့ ခြောက်လလောက်တော့ ရှိပြီထင်တယ်။ သိပ်တော့မကြာသေးဘူး။ ဒီမှာနေရာဦးဖို့အတွက် အကွက်အကွင်းဖြစ်အောင် ဟိုးအရင်ကတည်းက လုပ်တယ်လို့တော့ ကြားတာပဲ” ဟု ကိုအောင်နေမင်းမှ ဆက်လက်ပြောသည်။

အဆိုပါ ကျူးကျော်တဲများ အနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၏ အမိန့်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ၂၀၁၆ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ပုဒ်မ(၄)စ အရလည်းကောင်း၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေပုဒ်မ(၆၉)ဃ အရလည်းကောင်း အရေးယူဖယ်ရှားသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ထီလက်မှတ် ဈေးတင်ရောင်းသည့် ဆိုင်များကို အရေးယူသွားမည် သို့သော် ...

စက်တင်ဘာ ၁၂

ပြည်နယ်အတွင်း ရောင်းချနေသည့် ပင်ရင်း ထီအရောင်းဆိုင်ကြီးများတွင် အောင်ဘာလေထီလက်မှတ်များကို သတ်မှတ်တန်ဖိုးထက် မတန်တစ်ဆ အမြတ်တင်ရောင်းချသည်ကို တွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ပင်ရင်းဆိုင်များတွင် ထီတစ်စောင်လျှင် ငါးရာကျပ်နှုန်းဖြင့် နိုင်ငံတော်က သတ်မှတ်ပေးထားသော်လည်း ယင်းနှုန်းထက် ပိုမိုရောင်းချသည်ကို တိုင်ကြားလာပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးစိန်နွယ်မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ထီဆယ်စောင်ရောင်းရင် တစ်စောင်ဖိုးအမြတ်က ပေးထားပြီးသား။ ပင်ရင်းမှာသွားထိုးကြပေါ့။ ပင်ရင်းမှာသွားထိုးလို့ ပိုရောင်းတယ်ဆိုရင်တော့ စည်းမျဉ်းစည်းကမ်းအရ အရေးယူခံရမှာပဲ"ဟု ဦးစိန်နွယ်က ပြောသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနညွှန်ကြားရေးမှူးကလည်း သတ်မှတ်ထားသည့်ဈေးထက် ပြင်ပဈေးကွက်တွင် တစ်စောင်လျှင် ၆၀၀ မှ ၇၀၀ အထိ ရောင်းချလျက်ရှိနေသည်ကို တွေ့ရသဖြင့် လက်ခွဲရောင်းချသူများ ဈေးတင်ရောင်းပါက တိုက်ရိုက်ဝယ်ယူသည့် လုပ်ငန်းရှင်က တာဝန်ခံရမည်ဖြစ်ကြောင်း ဒီဗွီဘီ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြထားသည်။

သို့သော်လည်း တိုက်ရိုက်ဆိုင်ကြီးများအား အရေးယူရန် လွယ်ကူသော်လည်း တစ်ဆင့်ခံပြန်ဝယ်ရောင်းချသူများအား ထိန်းချုပ်ရန်မှာ မလွယ်ကူကြောင်း၊ ယင်းတို့အနေဖြင့်လည်း အမြတ်ချန်ရောင်းချခြင်းကြောင့် ဈေးနှုန်းများတက်ရခြင်း ဖြစ်နိုင်သည်ဟုလည်း ဦးစိန်နွယ်က သုံးသပ်သည်။

လက်ပွေ့ရောင်းချသူများအနေဖြင့်လည်း တစ်ဆင့်ခံဝယ်ယူရောင်းချရသဖြင့် တိုက်ရိုက်ထီဆိုင်ကြီးမှထားရှိသော ဈေးနှုန်းဖြင့်သာ ရောင်းချနေရကြောင်း၊ ထို့ကြောင့် ဈေးနှုန်းအနည်းငယ်တင်ကာ ရောင်းချနေရကြောင်း မြစ်ကြီးနားမြို့တွင်း လက်ပွေ့ရောင်းချနေသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့က အိမ်တိုင်ရာရောက် လိုက်ရောင်းရတယ်။ ဆီဖိုးတွေလည်းရှိတယ်။ မိသားစုစားစရိတ်တွေလည်း ရှိတယ်။ အဲဒါကြောင့် တစ်စောင်ကိုတစ်ရာလောက်မှအမြတ်မယူရင် ကျွန်တော်တို့က အလကားလိုက်ဖြန့်ပေးသလို ဖြစ်နေမှာပေါ့"ဟု ထီအရောင်းဝန်ထမ်းတစ်ဦးက သူ၏အခက်အခဲကို ရှင်းပြသည်။

လက်ရှိအချိန် ပြည်နယ်အတွင်း ထီတစ်စောင် ၁၀၀ ကျော် ၂၀၀ ခန့် ဈေးတင်ရောင်းချနေမှုများရှိသော်လည်း တိုင်ကြားသူမရှိသေး၍ အရေးယူခဲ့ခြင်း မရှိသေးကြောင်းသိရပြီး ထီရောင်းချမည်ဆိုပါက ဘဏ္ဍာနှစ်မရောက်မီ ၃ လအလိုတွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ဖိတ်ခေါ်လျှင် ဝယ်ယူခွင့်လျှောက်ထားရမည်ဖြစ်ကာ တစ်စောင်လျှင် ၁၀၀ ကျပ်နှုန်းကြိုတင်စရံငွေပေးသွင်းရမည်ဖြစ်ကြောင်းလည်း သိရသည်။

လာမည့် အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် ၁၅ ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် အက္ခရာ ၄၇ လုံးအထိ ထုတ်ဝေရောင်းချလျက်ရှိသည်ဟုလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ဆက်ကြေးကောက်သည့် အမျိုးသား ၃ ဦးကိုဖမ်းဆီး

စက်တင်ဘာ ၁၃

ဖားကန့်ဒေသရှိ ရတနာစွန့်ပစ်မြေစာပုံကျေးရွာအနီးတွင် ရက္ခိုင့်တပ်မတော်(AA)မှဟုပြောဆိုကာ ဆက်ကြေးကောက်သည့် အမျိုးသားသုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

စက်တင်ဘာလ ၁၁ ရက်နေ့နံနက် ၉ နာရီခွဲခန့်က အထက်ပါမြေစာပုံအနီး ဆက်ကြေးလာယူမည့်အချိန် လုံခြုံရေး တပ်မ(၃၃) မှ ဝင်ရောက်ထိန်းသိမ်းရင်း အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ရခိုင်အမျိုးသားသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"တပ်ကနေ ဖမ်းထားတယ်။ ဆက်ကြေးကောက်လို့ဆိုပြီး ဖမ်းတာတဲ့။ ဟိုဖက်က ပြန်ပြီးခုခံပြီး ပစ်ခတ်တယ်။ အပြန်အလှန်ပစ်ခတ်ပြီးတော့ ဖမ်းဆီးခဲ့တယ်လို့ သိရတယ်"ဟု ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အတည်ပြုပြောကြားသည်။

ဖမ်းဆီးရမိသူများအား တပ်မတော်က ခေတ္တထိန်းသိမ်းထားပြီး လိုအပ်သည့်စုံစမ်းမေးမြန်းမှုများ ပြုလုပ်ပြီးလျှင် ဖားကန့်မြို့မရဲစခန်းသို့ လွှဲပြောင်း အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြဝတီရုပ်မြင်သံကြားတွင်ဖော်ပြခဲ့ပြီးဒေသခံများအကြားတွင် ရခိုင်အမျိုးသား ၆ ဦးကို တပ်မတော်မှ ပစ်ခဲ့သည်ဟုလည်း ဖားကန့်တွင် သတင်းများထွက်ပေါ်နေသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# ကာမိုင်းမြို့နယ်၊ လွယ်ဆိုင်ရွာတွင် စစ်တပ်က ဖမ်းဆီးခဲ့သော အရပ်သားနှစ်ဦးကို ရုံးထုတ်စစ်ဆေးမည်

မြစ်ကြီးနား၊ စက်တင်ဘာ ၁၃

ဖားကန့်မြို့နယ်၊ ကားမိုင်းမြို့နယ်ခွဲမှ ၇ မိုင်ခန့် ကွာဝေးသော လွယ်ဆိုင်ကျေးရွာမှ မြန်မာ့တပ်မတော် စစ်သားများက စက်တင်ဘာလ ၄ ရက်နေ့ နံနက်လေးနာရီခွဲအချိန့်ခန့်တွင် ဒေသခံနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကာ နောက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပို့အပ်ခဲ့ရာ ၎င်းတို့ကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးထားသော ဒေသခံနှစ်ဦးကို နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး မြစ်ကြီးနား၊ မြို့မရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း သိရသည်။

နယ်မြေရဲစခန်းအနေဖြင့် မှု ဖြစ်စဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောပြပိုင်ခွင့်မရှိသေးသဖြင့် လတ်တလော ပြောမပြနိုင်သေးဟု မြစ်ကြီးနားသတင်းဂျာနယ်ကို ဆက်လက်မေးမြန်းရန်ခွင့်မပြုခဲ့ပါ။

ဦးခေါ်ရန်လဆာကို လာရောက်ဖမ်းဆီးချိန်တွင် မြန်မာ့တပ်မတော်သားများက ရိုက်နှက်ကြောင်းကို ဖခင်ဖြစ်သူက ပြောပြသွားသည်။

ထိုအမှုကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ကြောင်း၊ သူ့ခင်ပွန်းမှာ ကေအိုင်အေလည်း မဟုတ်ကြောင်း၊ မည်သည့်အတွက်ဖမ်းဆီးသည်ကို မသိရကြောင်း ဦးလဖျော်ခေါ်ဒေါင်၏ ဇနီးဖြစ်သူဒေါ်လွမ်းဇဲက မြစ်ကြီးနားဂျာနယ်သို့ စက်တင်ဘာလ ၁၂ ရက်နေ့ည ၇ နာရီတွင် ဆက်သွယ်ပြောကြားခဲ့သည်။

ထိုအမှုသည် ဖားကန့်မြို့နယ်၊ ကားမိုင်းမြို့၊ လွယ်ဆိုင်းကျေးရွာအနီးတွင် တပ်မတော်မှ နယ်မြေရှင်းလင်းစဉ်တွင် KIA တပ်ရင်းမှ တပ်ကြပ်အဆင့်ရှိသူ ဦးဒေါင်ခေါင်နှင့်ဦးဖော်ရန်လဆာသည် ကားမိုင်းမြို့နယ်၊ စီပူချောင်းနီရှိ KIA စခန်းသို့ဆန် (၄၅ ) အိတ်နှင့် ဆားပိဿာအချို့ကို ပို့ဆောင်ခဲ့သူဖြစ်ကြောင်း ပြည်နယ်ရဲ တပ်ဖွဲ့မှူးရုံးမှ ဒုပြည်နယ်မှူးမျိုးသူရနောင်ထံမှ သိရသည်။

ယင်း ဖမ်းဆီးထားသူနှစ်ဦးကို အရေးယူပေးရန်အတွက် တိုင်တန်းထားသဖြင့် မြစ်ကြီးနား နယ်မြေရဲစခန်းတွင် မတရားအသင်းဥပဒေပုဒ်မ ၁၇(၁) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ah Je

## Editorial
## အယ်ဒီတာ့အာဘော်

### ပြန်လည်ထူထောင်ရန် များစွာလိုအပ်နေသော ဒေသ

ဒီနှစ်မိုးတွင်းက ခါတိုင်းနှစ်တွေထက် အဝင်စောပြီး ဇွန်လ တတိယအပတ်ခန့်ကစလို့ မိုးပြတ်သည်ဟူ၍ သိပ်မရှိခဲ့။ မနှစ်က မိုးခေါင်ပြီး ဆောင်းအဝင်နောက်ကျသလောက် ဒီနှစ်မိုးများချက်မှာ မြန်မာနိုင်ငံ တနံတလျားက တောင်သူတွေရဲ့ ဘဝတွေကို အလဲထိုးခဲ့သည်။

အခြား တိုင်းဒေသကြီးများနည်းတူ ကချင်ပြည်နယ် တောင်သူများလည်းထိခိုက်ခံစားခဲ့ရသည်။ မိုးမောက်မြို့နယ်တွင်လည်း ဧကရာချီသည့် စပါးခင်းများ ပျက်စီးသွားသည်။ မည်သည့်အချိန်တုန်းကမျှ မကြားခဲ့ဖူးသည့် ပူတာအိုရေကြီးသတင်းက အခံစားရဆုံး သတင်းတစ်ပုဒ်ဖြစ်သည်။ နဂိုကမှ ချို့တဲ့နေရသည့် ပူတာအိုဒေသခမျာ နာလန်မထူနိုင်အောင် ဖြစ်ခဲ့တော့သည်။

ပင်မ Main Stream မီဒီယာကြီးတွေက ချင်းပြည်နယ်ကို ဖွံ့ဖြိုးမှု အနောက်ကျဆုံးဒေသဟု ရေးသားချက်များကို တွေ့ဖူး၊ ဖတ်ဖူးသည်။ ထိုစကားသည် ပူတာအို တစ်ခရိုင်လုံးသို့ မရောက်ဖူးကြသေးသူတို့၏ တိုင်းတာချက်သာ ဖြစ်ပါမည်။

လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များသို့ ရောက်ဖူးခဲ့သည်။ လွန်ခဲ့သည့် ဆယ်နှစ်က ပူတာအိုခရိုင် မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ပူတာအို၊ ဆွမ်ပရာဘွမ်တို့ကို ရောက်ခဲ့ဖူးသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ က ချင်းပြည်နယ် အခြေအနေကပင် ပူတာအိုခရိုင်ထက် သာနေသေးသည်။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်က ချင်းပြည်နယ်နှင့် လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ရောက်ဖူးခဲ့သည့် ပူတာအိုဒေသနှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် ပူတာအိုခရိုင်အတွင်းမှ ဒေသခံတို့၏ ဆင်းရဲနွမ်းပါးမှုက ပိုဆိုးပါသည်။

ပူတာအိုသည် တစ်ချိန်က ပွင့်လင်းရာသီရောက်မှ ကားလမ်းပေါက်ပြီး ကျန်ရာသီများတွင် ကားသွား၍ မရခြင်း၊ လေကြောင်းလိုင်းတစ်ခုတည်းကိုသာ အားထားရခြင်း၊ လေယာဉ်လက်မှတ်ရဖို့ လနှင့်ချီ၍ စောင့်ဆိုင်းရခြင်း၊ မြန်မာ့လေကြောင်း၊ ရန်ကုန်အဲယားဝေး၊ အဲယားမန္တလေးတို့လောက်သာ ရှိခဲ့ခြင်းတို့သည် ပူတာအို ခရိုင်၏ တိုးတက်မှုကို နှေးကွေးစေခဲ့ပုံရသည်။

ဟိုတလောက ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် လျှပ်စစ်မီး ၂၄ နာရီ ရတော့မည်ဟုဆို၍ ဝမ်းသာမိလိုက်သေးသည်။ ရေအားလျှပ်စစ်ရလို့ နှစ်လလောက်မှာပင် မြေပြိုကျမှုကြောင့် တစ်လခန့်အချိန်ယူ ပြန်လည် ပြင်ဆင်ရဦးမည်ဟု တာဝန်ရှိသူများက ပြောသည်။

အခုလည်း အထက်ရှန်ဂေါင်ချောင်း ရေကြီးရေလျှံမှုကြောင့် ဧက လေးရာခန့်သော စပါးခင်းများ ပျက်စီးခဲ့ရပြန်သည်။ စက်တင်ဘာလ ၁၄ ရက်နေ့အထိတော့ ရေဘေးသင့်ပြည်သူများကို ဦးဒန်ကူးတန်အဖွဲ့က ဆန်အိတ်များ လှူဒါန်းခဲ့သည်။ ကျန် မည်သည့် အဖွဲ့အစည်းမျှ လာရောက်လှူဒါန်းခြင်း မရှိသေးပါ။ ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုး ၁၉၉၄ ခုနှစ်က တစ်ကြိမ်ဖြစ်ပွားခဲ့ဖူးသော်လည်း အခုလောက် မဆိုးရွားခဲ့ဟု ဒေသခံများက ပြောသည်။ ဒီနှစ်ရေကြီးချိန် စပါးခင်းများပျက်စီးရခြင်းသည် ရှန်ဂေါင်ချောင်းအထက်ပိုင်းတွင် သစ်ပင်များ အလွန်အကျွံ ခုတ်ထွင်မှု၊ သစ်ပင်ခုတ်သူများ၏ မဆင်မခြင် ခုတ်ထွင်စွန့်ပစ်ထားသော သစ်ကိုင်းစို၊ သစ်ကိုင်းခြောက်များ၊ သစ်ပင်သစ်တုံးများ၊ သစ်တိုသစ်စများ မျောပါလာမှုကြောင့် အိမ်နှင့်လယ်များကို ရိုက်ချိုး၊ ဖုံးလွှမ်းခြင်းကြောင့် ထိုမျှ ပျက်စီးသွားခြင်းဖြစ်ကြောင်း ဒေသခံများက ပြစ်တင်ပြောဆိုနေကြသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး မည်သူတွင် တာဝန်ရှိနေသည်ကို လူတိုင်းပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
( စက်တင်ဘာ ၁၇ ၊ ၂၀၁၈ )

# ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်လောင်း ဒေါ် MD ခေါ်ညွယ်

Salai

နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပမည့် မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကော်ပွဲတွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) နေရာအတွက်ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါကိုယ်စားလှယ် ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်း၊ တစ်သီးပုဂ္ဂလအနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ် MD ခေါ်ညွယ်တို့ဖြစ်သည်။

ယခုတစ်ပတ်တွင် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်လောင်း ဒေါ် MD ခေါ်ညွယ်၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြပေးလိုက်ပါသည်။ လာမည့်အပတ်များတွင်လည်း ကျန်ရှိကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအကျဉ်းနှင့် ၆ ဦးစလုံး၏ သဘောထားများ၊ ရည်မှန်းချက်များကို မေးမြန်း၍ မြစ်ကြီးနားသတင်းဂျာနယ်ကထပ်မံဖော်ပြသွားပါမည်။

**ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ် MD ခေါ်ညွယ်၏ကိုယ်ရေးအကျဉ်း**



၁။ အမည် - ဒေါ်အမ်ဒီခေါ်ညွယ်
၂။ မွေးသက္ကရာဇ် - ၁၆. ၁၂. ၁၉၈၁(၃၇)နှစ်
၃။ မှတ်ပုံတင် အမှတ် - ၁/ဝမန(နိုင်)၀၄၆၄၁၂
၄။ လူမျိုး။ဘာသာ - ကချင်/ခရစ်ယာန်
၅။ ပညာအရေအချင်း - LL.B (ဥပဒေဘွဲ့)
၆။ လက်ရှိအလုပ်အကိုင် - တရားလွှတ်တော်ရှေ့နေ
၇။ မွေးဖွားရာဇာတိ - ဝိုင်းမော်၊ မဒိန်။
၈။ အဘအမည်/အလုပ်အကိုင် - ဦးယိန်းခေါ (ကွန်လွယ်) / တောင်သူ
၉။ အမိအမည်/ အလုပ်အကိုင် - ဒေါ်ဂျာနန်/ဆေးဝန်ထမ်း
၁၀။ ခင်ပွန်းအမည်/ အလုပ်အကိုင် - ဦးခွန်ကုန်း/တောင်သူ
၁၁။သား(သို့)သမီး - အမည်/အလုပ်အကိုင် - မလဖိုင်နန်ထွယ်မိုင်(ကျောင်းသူ)၊ မောင်ဇော်ခွန်းလတ်(ကျောင်းသား)၊ မနန်ဘောက်(မူကြို)
၁၂။နေရပ်လိပ်စာ - တပ်ကုန်း၊ စံပြ (၁၅၄)၊ မြစ်ကြီးနားမြို့။
၁၃။ ကိုယ်စားပြုသောပါတီနှင့် ပါတီတာဝန် - ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ၊ ဒုအတွင်းရေးမှူး

**ပညာရေး**

- ဒေါ်အမ်ဒီခေါ်ညွယ်သည် အ. ထ. က ၅ မြစ်ကြီးနားမြို့တွင် ပညာသင်ကြားခဲ့ပြီး မြစ်ကြီးနားဒီဂရီကောလိပ်တွင် တက္ကသိုလ်တက်ရောက်ခဲ့သည်။


**လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များ**


- မြန်မာနိုင်ငံမိခင်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ မြစ်ကြီးနားတပ်ကုန်းရပ်ကွက် အမျိုးသမီးရေးရာ အတွင်းရေးမှူး (၂၀၀၁ မှ ယနေ့တိုင်)
- စံပြနှစ်ခြင်းအသင်းတော်၏ အမျိုးသမီးခေါင်းဆောင် (၂၀၁၄-၂၀၁၆)
- စံပြနှစ်ခြင်းအသင်းတော်၏ အလုပ်အမှုဆောင်ကော်မတီဝင် (၂၀၁၇ -၂၀၁၉)
- စံပြနှစ်ခြင်းအသင်းတော်၏ လူမှုအခြေပြုမူးယစ်တိုက်ဖျက်ရေးအဖွဲ့၏ အတွင်းရေးမှူး (၂၀၁၇-၂၀၁၉)
- တပ်ကုန်းစံပြ မူလွန်ကျောင်းတွင် ကျောင်းအကျိုးတော်ဆောင်။

**ရွေးကောက်ပွဲဝင်ရခြင်း၏ ရည်ရွယ်ချက်**


ပြည်ထောင်စုထဲတွင် အတူတကွ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုသွေးချင်းများအားလုံး နိုင်ငံရေးလမ်းကြောင်းတစ်ခုတွင် အတူတကွ လက်တွဲပါဝင်ဆောင်ရွက်နိုင်အောင် စုဖွဲ့ထားသောပါတီဖြစ်ပြီး ပြန်တမ်းဝင်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝါရင့်နိုင်ငံရေးဆရာများ စသည့် အလွှာပေါင်းစုံဖြင့် စုပေါင်းထားသောပါတီဖြစ်ပါသည်။ တန်းတူညီမျှမှုကို အခြေခံအားဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် ရည်ရွယ်ထားပါသည်။

ကျွန်မသည် ကချင်ပြည်နယ်သူ/သားများ၏ ဥပဒေဘက်တော်သားဖြစ်သည့်အတွက်
၁။ ဖက်ဒရယ်ကိုအခြေခံသော သင့်လျော်သည့်အခြေခံဥပဒေသစ် ပေါ်ပေါက်လာစေရန်
၂။ ကချင်ပြည်နယ်သူ/သားများခံစားစေနိုင်သော သယံဇာတဥပဒေကောင်းများ ပေါ်ပေါက်လာစေရန်။
၃။ တောင်သူဦးကြီးများ အကျိုးပြုစေသော ဥပဒေကောင်းများ ပေါ်ထွက်လာစေရန်။
၄။ စစ်ရှောင်ပြည်သူများ၏ ဘဝကို အဖက်ဖက်မှ ကူညီဆောင်ရွက်ရန်။
၅။ မြစ်ဆုံစီမံကိန်းအား အပြီးတိုင် ရပ်တန့်သွားနိုင်ရန်။
၆။ မတရားမြေသိမ်းထားမှုကို အမြန်ဆုံးကူညီ ဆောင်ရွက်သွားရန်။
၇။ စစ်မှန်သော ငြိမ်းချမ်းရေး အမြန်ရရှိလာစေရန်။
၈။ မူးယစ်ဆေးဝါးကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန်။
၉။ အရွယ်မရောက်သေးသော ကလေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားမည်။










**တုတ်ထိုး** - ခြင်းခတ်ချိန် တန်ပြီ၊ ခြင်းခတ်ချိန် တန်ပြီဗျို့။
**အိုးပေါက်** - အောင်မယ်။ ကြားသားမိုးကြိုး။ ခြင်းမခတ်ဖူးပါဘဲ ခြင်းခတ်ချိန်တန်ပြီတွေ အော်နေတယ်။

**တုတ်ထိုး** - အဟဲ၊ ကျုပ်တို့ သမ္မတကြီးရဲ့ ခြင်းခတ်နေတဲ့ပုံတွေ တွေ့ရလို့ သမ္မတကြီးကိုအားကျပြီး ကျန်းမာရေးလိုက်စားတဲ့အနေနဲ့ ခြင်းခတ်မလို့။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ခြင်းခတ်တာ ကောင်းတာပေါ့နော်။ ဒါ မြန်မာ့ရိုးရာ အားကစားနည်းပဲ။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာလည်း ရောက်တာပေါ့။ ပြီးတော့ ကျုပ်တို့သမ္မတကြီး ခြင်းခတ်တတ်တာကောင်းတာပေါ့။ ဂုဏ်ယူစရာပေါ့။ သမ္မတကြီး ခြင်းခတ်တာကို တချို့တွေက လှောင်နေကြတယ်။ ခြင်းခတ်တာပဲ။ ဘာဖြစ်လဲ။ အရင်တုန်းက အဘတွေဆို ခြံခတ်၊ ဝင်းခတ်ပြီး တပ်ပိုင်မြေ လုပ်ခဲ့ကြတာမဟုတ်လား။ အခုသမ္မတက ခြံကို မတရားမခတ်ဘူး။ ခြံမခတ်၊ ဝင်းမခတ်ဘဲ ခြင်းခတ်တဲ့သမ္မတဗျ။ မကောင်းဘူးလားဗျာ။

**တုတ်ထိုး** - သမ္မတကြီးအဆင့်နဲ့ဆို ဂေါ့ဖ်တွေ ရိုက်ရမှာ။ ဘေးနားမှာ စကီလေးတွေ၊ စမောလေးတွေနဲ့ ဘယ်လောက် သာယာလိုက်မလဲ။ ခုတော့. . . အလွန်တုံးလွန်းတဲ့သမ္မတကြီး။
**အိုးပေါက်** - သမ္မတကတော့ သမ္မတပေါ့။ သမ္မချင်းမှ မတူတာ။ အဘချင်းမှ မတူတာ။ ပြီးတော့ သူဟာ သမ္မတတာဝန်မထမ်းဆောင်မီကတည်းက ညနေပိုင်းတွေမှာ ခြင်းခတ်လေ့ရှိသတဲ့ဗျ။ မှတ်ထား ကျုပ်တို့သမ္မတက ဟိုအဘတွေလို ပြည်သူပိုင်မြေကို ခြံမခတ်ဘူး။

**တုတ်ထိုး** - ခြင်းခတ်တာဟာ အပေးအယူ လွှန်ကြည်ဖြူသတဲ့ဗျ။ ကျန်းမာစေတယ်။ တစ်ဦးနဲ့တစ်ဦး ညီညွတ်စေတယ်။ "အပေးအယူ၊ လွှန်ကြည်ဖြူ၊ ခြင်းမူစာဂ မျှစိတ္တ" တဲ့ဗျ။
**အိုးပေါက်** - လာဘ်ပေးလာဘ်ယူ လွှန်ကြည်ဖြူ မဖြစ်ဖို့တော့ လိုတာပေါ့။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - စကားအကောင်းပြောရင်းကနေ ဖောက်လာပြန်ပြီ။ ခင်ဗျားလို ရိုလိုက်၊ ကလိလိုက်၊ ဟားလိုက်နဲ့ မနေတတ်မထိုင်တတ်၊ မသိတတ်သူကို ပြောရဦးမယ်။ ဟိုအဘတွေ ဂေါက်ရိုက်သွားရင် လုံခြုံရေးနဲ့၊ ကားတန်းနဲ့။ ဟော အခု ခြင်းခတ်တာ ဘယ်လုံခြုံရေး၊ ဘယ်ကားတန်းမှ မလိုဘူးဗျ။ သိန်းရာချီတန်နဲ့ ဂေါက်ပစ္စည်းတွေ ဝယ်စရာမလိုဘူး။ အခု ခြင်းခတ်တာ လုံခြုံရေးတွေလည်း အလုပ်မများဘူး။ ဘယ်သူ့မှလည်း ဒုက္ခမပေးဘူး။
**အိုးပေါက်** - ဒီသမ္မတက ခြင်းခတ်တယ်။ ဟိုသမ္မတက ဘောလီဘောပုတ်တယ်။ နွားနို့သောက်ခိုင်းတယ်။ ကွာတော့ကွာတာပဲ။

**တုတ်ထိုး** - နွားနို့သောက်ခိုင်းတာလည်း ကောင်းတာပါပဲ။ အရက်ထက် နွားနို့က ပိုအကျိုးပြုတယ်။ အဲဒီတစ်ချက်တော့ ဦးသိန်းစိန်ကို အသိအမှတ်ပြုရမှာပဲ။
**အိုးပေါက် -** နောက်ထပ် ရွေးကောက်ပွဲမှာ ပြန်လာမယ်ဆိုရင်ရော။ မဲပေးမှာလား။

**တုတ်ထိုး** - သုမနကျောမှာ ဒဏ်ရာတွေနဲ့ပါဗျ။ ခြင်္သေ့တွေ မြက်စားပြလည်း ကျုပ်တို့တော့ မယုံပေါင်။
**အိုးပေါက်** - ကြံ့ခိုင်ရေးပါတီနှင့်မသက်ဆိုင်သော ဘာပါတီ၊ ဘာပါတီဆိုပြီး မဲလာဆွယ်ကြ၊ ရွေးကောက်ပွဲ ဝင်ပြိုင်ကြရင်လည်း မဲထည့်မှာလား။

**တုတ်ထိုး** - သိုးယောင်ဆောင်တဲ့ ဝံပုလွေတွေလို ဖြစ်နေမှာပေါ့။ သမိုင်းဆိုတာ ဖျောက်လို့ မရပါဘူး။ မေ့လို့ မရပါဘူး။ ပြည်သူတွေကို ငတုံးငအလို့ မထင်လိုက်ပါနဲ့။ ဒင်းတို့တွေ တိုင်းပြည်ကို နှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့ကြတာ။ အုပ်ချုပ်သူ လူတန်းစားတွေပဲ ချမ်းသာသွားကြတယ် မဟုတ်လား။ ဟော အခုကြည့် အရပ်သားအစိုးရ အသုံးမကျတာတွေ ရှိတယ်။ အချိုးမပြေတာတွေလည်း ရှိတယ်။ ပြည်သူက တင်တဲ့ အရပ်သားအစိုးရ ဖြစ်တယ်။ မှားနေရင်လည်း ခွင့်လွှတ်လို့ရတယ်။ အုပ်ချုပ်ပုံ လူပါးမဝသေးလို့လည်းဖြစ်တယ်။ လုပ်ပိုင်ခွင့် အပြည့်အဝ မရသေးတာလည်း သိတယ်။ ဒီငါးနှစ်သက်တမ်း ကာလမှာ တိုင်းပြည်ကြီးဟာ နတ်သိကြားတွေ ဖန်တီးလိုက်သလို နေ့ချင်းညချင်း မပြောင်းလဲနိုင်တာလည်း သိတယ်။ ဒါပေမဲ့ ကျေနပ်တယ်။ နောက်ထပ်လည်း ဒီအစိုးရကိုပဲ ကျုပ်က မဲပေးမှာပါပဲ။ ဒါ ကျုပ် ခံယူချက်ပါပဲ။ ခင်ဗျားလည်း ကြိုက်တာ မဲပေးပေါ့။ ဒါပေမဲ့ အတိုလေးကို ကြည့်ပြီး မဲမပေးပါနဲ့။ မျောက်ပြ ဆန်တောင်းတတ်သူတွေကို မဲ မပေးပါနဲ့။ ကျားဟာ ဘယ်တော့မှ ဥပုသ်မစောင့်တတ်ဘူးဆိုတာ မမေ့ပါနဲ့။ ပြည်သူတွေရဲ့ ကျောပေါ်က ဒဏ်ရာတွေကို သတိရပါ။ အရင်အစိုးရလက်ထက်က အဘတွေနဲ့ပေါင်းပြီး စားခဲ့ရတဲ့ အခွင့်အရေးတွေ ရတယ်။ ဒီအဘတွေနဲ့ကျ ပေါင်းပြီးစားရတဲ့ အခွင့်အရေးကို မရလို့ ဒီအစိုးရမကောင်းဘူး အော်မနေပါနဲ့။ ကိုယ့်အကျိုးကို ကြည့်ပါ။ တိုင်းပြည် အကျိုးကို ကြည့်ပါ။
**အိုးပေါက်** - မှတ်ထားပါ့မယ်ဗျာ။ ဒါဆို ခင်ဗျားက အစိုးရဘက်ကိုကြည့်ပြီးမဲပေးမှာပေါ့။

**တုတ်ထိုး** - အစိုးရကိုကြည့်ပြီး မဲပေးစရာမလိုပါဘူး။ နိုင်ငံကိုကြည့်ပြီး မဲပေးပါ။ ပြည်သူကိုကြည့်ပြီး မဲပေးပါ။ အစိုးရမျက်နှာကို မထောက်ပါနဲ့။ နိုင်ငံမျက်နှာထောက်ပါ။ ပြည်သူမျက်နှာ ထောက်ပါ။
**အိုးပေါက်** - ကြားဖြတ် ရွေးကောက်ပွဲကြီးက အရင်လို အုန်းအုန်းကျက်ကျက်နဲ့ မရှိကြသလိုပဲနော်။

**တုတ်ထိုး** - ဒါတော့ ဟုတ်တယ်။ ၂၀၁၅ တုန်းကဆိုရင် ဒီအချိန်ကာလဆို ပြည်သူတွေ လှုပ်လှုပ်ရွရွ ဖြစ်ကြတာပေါ့။
**အိုးပေါက်** - ရွေးကောက်ပွဲနီးမှ ပြည်သူတွေကို အပြေးအလွှားလာပြီး ဖားတတ်ကြတဲ့သူတွေရဲ့အရေးကို ရွေးကောက်ပွဲနီးတော့မှ ရွေးကောက်ပွဲဝင်တော့မယ်ဆိုမှ စဉ်းစားချိန်တန်ပြီဆိုပြီး မဲဆွယ်နေကြလည်း အပိုပါပဲ။ ဒေသခံပြည်သူတွေဆီ ထိထိရောက်ရောက် သွားရောက်ပြီး လုပ်ကြ၊ ကူညီကြ၊ ဆောင်ရွက်ကြရင် ဘယ်ပါတီဖြစ်ဖြစ် မဲပေးကြမှာအမှန်ပဲ။ အခုဟာက အသားလိုလို့ အရိုးတောင်းကြသလိုမျိုး ဖြစ်နေတာများပါတယ်။

**တုတ်ထိုး** - ဘာပဲပြောပြော အခု ကျင်းပတော့မယ့် ရွေးကောက်ပွဲကို ပြည်သူတွေ စိတ်ဝင်စားမှု လျော့ကျလာတာတော့အမှန်ပါပဲ။
**အိုးပေါက်** - တချို့တွေဆို ရွေးကောက်ပွဲနီးမှ ပြည်သူလူထုက တွေ့ကြရတယ်။ ရွေးကောက်ပွဲလည်း နိုင်ရော အဲဒီအမတ်ကို လူထုက မြင်တောင်မမြင်ဖူးတော့တာတွေ ရှိတယ်။ ပြီးတော့ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေး လှုပ်ရှားမှု အားနည်းတယ်လို့ မြင်ပါတယ်။

**တုတ်ထိုး** - ပြည်သူအပေါ် တကယ်ရိုးသားပါ။ အစပဲ ရိုးတဲ့အစိုးရ မဖြစ်ကြပါစေနဲ့။
**အိုးပေါက်** - ဒါနဲ့ စကားမစပ်ဗျာ။ အောင်ရဲထွေးသေဆုံးမှုနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်း ဥပဒေချုပ် ဦးဟန်ထူးအပါအဝင် ဥပဒေအရာရှိ ၃ ဦး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပေါင်း ၅ ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနဲ့ အမှုဖွင့်အရေးယူလိုက်သတဲ့ဗျ။

**တုတ်ထိုး** - ဒါဟာ တရားဥပဒေစိုးမိုးရေးအတွက် တရားစီရင်ရေးအတွက် အဂတိတိုက်ဖျက်ရေးအတွက် မင်္ဂလာရှိတဲ့သတင်းတစ်ခုပဲဗျို့။
**အိုးပေါက်** - သမ္မတကြီး ခြင်းခတ်တာ ကောင်းတဲ့နိမိတ်ဆောင်လေမလား။ "အပေးအယူ လွှန်ကြည်ဖြူ ခြင်းမူစာဂ မျှစိတ္တ" ဆိုတာလေ။ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးဟာ အဲ့ဒီလိုညီညွတ်မျှတနေရမယ်။

**တုတ်ထိုး** - ဟိုလေ ငါးလောင်းပြိုင် လူသတ်မှုတို့၊ ပိုင်ရှင်မဲ့ မူးယစ်ဆေးတွေတို့ ဆိုတာတွေရော အခုလို ထိထိရောက်ရောက် အရေးယူနိုင်မလား။
**အိုးပေါက်** - ကြေးစည်တီးသလိုနေမှာပေါ့။

**တုတ်ထိုး** - ဟင်၊ ဘယ်လိုဘယ်လို။
**အိုးပေါက်** - ကြေးစည် တီးတဲ့အခါ မြည်တယ်မဟုတ်လား။

**တုတ်ထိုး** - ဘာတဲ့။
အိုးပေါက် - မထင် ဟင် ဟင် ဟင် ဟင် ဟင် ဟင် ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။ ။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အ.ထ.က(၁)၊ ဒသမတန်း(H1)တွင် တက်ရောက်နေသော မမီဆာညီ၏ အမည်မှာ မမီးဆာညီးဟု မှားယွင်းနေသောကြောင့် နာမည်အရင်းမှန်မှာ မမီဆာညီဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက် အိမ်အမှတ်(၄၉၈)တွင် နေထိုင်သော ဦးယောဟန်၏သမီး မဂျာဆိုင်းတောင်သည် အိမ်ထောင်စုတွင် မွေးသက္ကရာဇ် မှားယွင်းနေပါ၍ မွေးသက္ကရာဇ်အမှန်မှာ (၈.၁၂.၁၉၉၉) ဖြစ်ပါသည်။ ဦးယောဟန်၏ သမီးအ.လ.က(ထ.ခွဲ) - ၃ကျောင်း သတ္တမတန်း(B)တွင်တက်ရောက်နေသောမဂျာမြတ်အောင် သည်လည်းအိမ်ထောင်စုတွင် မဖွန်လုမိုင်ဟု မှားယွင်း နေသောကြောင့် နာမည်အမှန်ဖြစ်သည့် မဂျာမြတ်အောင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ်တွင် တက်ရောက်နေသော မဝေမာထွန်း(သချာ်) နှင့် မောင်ဝေမင်းထွန်း(ဥပဒေ)တို့၏ ဖခင်အမည်မှာ ဦးစံမောင်ဟု မှားယွင်း နေသောကြောင့် ဖခင်အမည်မှန်မှာ ဦးဆန်မောင် (၅/ကလတ(နိုင်)၀၆၂၆၄၄) ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(စက်တင်ဘာ ၁၇ ၊ ၂၀၁၈)

# မြစ်ကြီးနားကောလိပ် ကထိကဟောင်းတစ်ဦး၏ တိုင်းရင်းသားလူမျိုးစုနှင့် သမိုင်းရေးရာရှုထောင့်စာများ

အင်ခိုင်ဘွမ်

ငယ်စဉ်က ဆရာကြီးဦး ဆန်းလွင်၏ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ ဖီလိုဆိုဖီ ကကြီး ခခွေး၊ တရုတ်တွေးခေါ်ပညာရှင်ကြီးများ၊ ဘထရန်ရပ်ဆယ်လ်ဘဝ စသည့်စာအုပ်များ ဖတ်ခဲ့ရသည်။ နောက်ပိုင်းတွင် အရှင်အာဒိစ္စရံသီအဖြစ်ရေးသားပြုစုသော ဘာသာရေးစာအုပ်များမှ အနည်းငယ်ကိုလည်း ဖတ်ရှုဖြစ်ခဲ့သည်။ ဆရာကြီး၏ ပင်ကိုယ်ရေးဝတ္ထုများ၊ ဘာသာပြန်လက်ရာများ၊ ရုပ်ရှင်လက်ရာများနှင့်တော့ ဝေးသည်ဟု ဆိုရမည်။

ဆရာသည်အသက် ၂၄ နှစ်အရွယ်တွင် ရန်ကုန်တက္ကသိုလ်မှ ဒဿနိကဗေဒဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့(ရွှေတံဆိပ်)ရရှိသည်။ မဟာဝိဇ္ဇာတန်းကို ဆက်တက်ခဲ့သည်။ ထို့နောက် ဒဿနိကဗေဒဌာနတွင် နည်းပြအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ပညာထူးချွန်သူဖြစ်သည်။ ၁၉၆၅ ခုနှစ်၊ အသက် ၂၇ နှစ်အရွယ်တွင် မြစ်ကြီးနားကောလိပ်သို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ဖီလိုဆိုဖီ ကကြီး ခခွေး၊ တရုတ်တွေးခေါ်ပညာရှင်ကြီးများ စသော ဒဿနိက စာပေများကို ထိုကာလက ပြုစုခဲ့ခြင်းဖြစ်သည်။

ဆရာသည် မြစ်ကြီးနားကောလိပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ကချင်ပြည်နယ်နေရာအနှံ့သို့ လှည့်လည်သွားလာခဲ့သည်။ ကချင်ပြည်နယ်ရှိ စာပေမိတ်ဆွေများနှင့် ပူးပေါင်း၍ တက္ကသိုလ်ကျောင်းသူတစ်ဦးပြဇာတ်ကို ရေးကာ စင်တင်ကပြခဲ့သည်။ "ထို ပြဇာတ်တွင် အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်ကပြသူမှာ ဒုတိယအတွင်းဝန်ဦးကွမ်ဂျဲတောင်၏သမီး မာဂရက်တောင်(နောင်အခါ ကေဂျာနူးဖြစ်လာသူ)ဖြစ်လေသည်"ဟု ဆရာက အမှတ်ရခဲ့သည်။ ဆရာသည် ကချင်ပြည်နယ် ဦးစီးအဖွဲ့နှင့် လမ်းစဉ်ပါတီ တိုင်းခွဲ ၅၊ တိုင်းကြီးကြပ်ရေးကော်မတီ၏ တာဝန်ပေးချက်အရ ကချင်ယဉ်ကျေးမှုသမိုင်းကို လေ့လာခဲ့ရသည်။ ကချင်ယဉ်ကျေးမှု သမိုင်းလေ့လာရေး သုတေသနခေါင်းဆောင်အဖြစ် ကချင်ပြည်နယ်နေရာအနှံ့အပြားသို့ သွားရောက်လေ့လာခဲ့သည်။ ထိုအတွေ့အကြုံများကို ၁၉၆၅-၁၉၆၆ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် ဆောင်းပါးများရေးကာ တင်ပြခဲ့သည်။

ဆရာ ရေးသားခဲ့သော တိုင်းရင်းသား လူမျိုးစုနှင့် သမိုင်းရေးရာ ရှုထောင့်စာများမှာ ကချင်နှင့်ဂျိန်းဖော၊ ရှေးဟောင်း ကချင်စာပေ၊ ကချင်တိုင်းရင်းသားတို့၏ ဘာသာစကား၊ ပြည်ထောင်စုတိုင်းရင်းသားများ သမိုင်း၊ စမ္ဗာနဂိုရ်နှင့် ငဆောင်ချမ်းစသည်တို့ ဖြစ်သည်။ "မြန်မာပြည်အထက်အစွန် ဧရာဝတီမြစ်ဖျားတွင် နေကြသည့် တိုင်းရင်းသားများကို ကချင်လူမျိုးများဟု ခေါ်ကြသည်။ ထို ကချင်လူမျိုးများထဲသို့ ကျွန်တော်ကိုယ်တိုင်ရောက်ပြီး သူတို့ ယဉ်ကျေးမှု၊ စာပေဓလေ့ထုံးစံတို့နှင့် ကျွမ်းဝင်သောအခါ ကချင်စကားထဲတွင် ကချင်ဟူသော ဝေါဟာရမရှိကြောင်း တွေ့ရ၏။ ကချင်များသည် သူတို့လူမျိုးအချင်းချင်းကို ဂျိန်ဖော့ဟု ခေါ်ကြ၏"ဟု ဆိုခဲ့သည်။ ဆရာသည် ကချင်နှင့်ဂျိန်းဖော့ကို သုတေသနပြုရန် အင်္ဂလိပ်ကျမ်းပြုဆရာများ၏မှတ်တမ်းများ၊ ကချင်သုတေသီ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးကချင်တို့၏ဓလေ့စာသည် အက္ခရာမတင်ရသည်ကလွဲ၍ စည်းကမ်းဘောင်စနစ်နှင့်တကွရှိကြောင်းတင်ပြခဲ့သည်။ ရှေးက ကချင်လူမျိုးများသည် ချစ်ခင်ရင်းနှီးကြောင်း ပြောကြားလိုလျှင် အမဲသားခြောက်နှင့်ဆားကို ဖက်ဖြင့်ထုပ်ကာ လက်ဆောင်ပို့တတ်ကြောင်း၊ မီးသွေးနှင့် ခါးသောအရွက်တစ်မျိုးကို ဖက်နှင့်ထုပ်၍ ပို့လိုက်ပြီဆိုလျှင် ကြွေးမြီတောင်းခံရပြီဖြစ်ကြောင်း၊ ပွဲလမ်းသဘင်တစ်ခုခုရှိကြောင်း သတင်းပါးလိုလျှင် ကြိုးထုံး၊ နှီးထုံးတို့ကို ပေးပို့ကြောင်း၊ မောင်မယ်နှစ်ဦး ပြုဖူးသော သစ္စာပျက်ယွင်းပြီး သွေဖည်ဖောက်ပြားပြီဟု တစ်ဖက်သားကို စွပ်စွဲလိုသောအခါ ဝါးအလုံးကို နှစ်ခြမ်းခွဲ၍ ပေးပို့တတ်ကြောင်း စသော ဓလေ့စာအသုံးများကို မှတ်တမ်းတင်ခဲ့သည်။


ပြည်ထောင်စု တိုင်းရင်းသားများသမိုင်းနှင့် ပတ်သက်၍လည်း ဆရာက သူ့အမြင်ကို ပွင့်လင်းရဲရင့်စွာ တင်ပြခဲ့သည်။ "ဗမာလူမျိုးတစ်မျိုးသာလျှင် နယ်ချဲ့ကိုတော်လှန်ခဲ့ကြသည်မဟုတ်၊ ရှမ်းများ၊ ကချင်များ၊ ကရင်များအားလုံး အုံကြွတော်လှန်ခဲ့ကြ၏။ သူတို့အားလုံးသည် ပြည်ထောင်စုအတွက် အသက်စွန့်ခဲ့ကြသည်။ တာဝန်ကျေခဲ့ကြသည်။ သို့ပါလျက် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် သူတို့အားလုံး၏ထင်ရှားကြီးမားသောအခန်းကဏ္ဍများသည် အဘယ်ကြောင့် ပပျောက်လျက်ရှိပါသနည်း။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းသည် ဗမာလူမျိုးတစ်မျိုးတည်း၏သမိုင်းလည်း မဖြစ်သင့်၊ ဗမာမင်း၏ သမိုင်းလည်း မဖြစ်သင့်ပေ"ဟု ဆိုခဲ့လေသည်။

လက်ရှိသမိုင်းမျိုးကို လေ့လာနေလျှင် သည်ပြည်ထောင်စုအပေါ်တွင် ဗမာသာလျှင် တာဝန်ရှိခဲ့သူဟု အမြင်မှားစရာဖြစ်နေကြောင်း၊ ဗမာလူမျိုး အမြင်ကြီးမားလွန်းနေသရွေ့ ပြည်ထောင်စုတိုင်းရင်းသားညီညွတ်ရေး ဆိုသည်မှာ စကားသာ အဖတ်တင်စရာရှိမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ဆက်လက်၍ ဆရာက "ယနေ့ သမိုင်းသုတေသီတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏သမိုင်းကို ရေးသောအခါ ဓမ္မဓိဋ္ဌာန်ကျသော ယထာဘူတအမြင်ဖြင့် မြန်မာလူမျိုးတစ်မျိုးတည်းကိုသာ ကွက်ကွက်ကလေးမကြည့်ဘဲ တိုင်းရင်းသားလူမျိုးများနှင့် အကျုံးဝင်သော တိုင်းရင်းသားလူမျိုးများအားလုံး၏ ကြိုးပမ်းမှုပေါ်လွင်သော သမိုင်းကိုသာ ပြုစုကြပါဟု တိုက်တွန်းတင်ပြလိုပါသည်"ဟု သတိပေးနှိုးဆော်ခဲ့လေသည်။

ဆရာသည် အသက် ၃၀ မပြည့်ခင်တွင် ထိုကဲ့သို့ ရိုးရာဓလေ့၊ စာပေဘာသာစကား၊ သမိုင်းဆိုင်ရာဝေဖန်ချက်များကို ရဲရဲဝံ့ဝံ့ရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်မှ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့လေသည်။

ရည်ညွှန်း - ဝေဖန်ရေးရှုထောင့် (ဆန်းလွင်) မြန်မာစာပေအဘိဓာန် (မလိခ) ၂၀ ရာစုမြန်မာစာရေးဆရာ ၁၀၀ (ရာပြည့်ဦးစိုးညွန့်) စွယ်စုံကျမ်းနှစ်ချုပ်-၂၀၀၃ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း (ဆန်းလွင်)






# ကချင်ပြည်နယ် အစိုးရအဖွဲ့က ရှာဖွေကယ်ဆယ်ရေးသုံး အဆင့်မြင့်အထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်တင်း

မြစ်ကြီးနား၊ စက်တင်ဘာ ၁၀

ပြည်နယ်အတွင်း အရေးပေါ်ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့လျှင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးသုံး အဆင့်မြင့်အထောက်အကူပြုပစ္စည်းများကို ဖြည့်တင်းခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရက တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့ရာ အဆိုပါပစ္စည်းများကို အနည်းဆုံးဈေးဖြင့် တင်သွင်းနိုင်မည့် Myanmar Trillion Group Trading Co.,Ltd ကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို စက်တင်ဘာ ၁၀ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ခင်းကျင်းပြသခဲ့ရာ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဝယ်ယူထားသော ပစ္စည်းများမှာ အရေးပေါ်ကယ်ဆယ်ရေးသုံး မီးစက်၊ ရေအောက်ရှာဖွေရေး အာရုံခံကင်မရာနှင့် ရေကူးဝတ်စုံများ၊ ဘေးအန္တရာယ် တစ်ခုခုကြောင့် အဆောက်အဦများပြိုကျသည့်အခါ အဆောက်အဦအပျက်များကြားတွင် အန္တရာယ်ကြုံတွေ့နေသူများ ရှိမရှိ ရှာဖွေနိုင်မည့် အဆင့်မြင့်အာရုံခံရှာဖွေရေးပစ္စည်းနှင့် ကျန်ရှိနေသည့် အဆောက်အဦးအစိတ်အပိုင်းများ ဆက်လက်ပြိုကျနိုင်ခြေရှိမရှိတိုင်းတာသည့် စက်ပစ္စည်းများ၊ အဆင့်မြင့် ရှာဖွေရေးကိရိယာများအပြင် အရေးပေါ်သုံး လေထိုးမိုးကာယာယီဆေးခန်းနှင့် ယာယီလူနေဆောင်များ စုစုပေါင်း ကယ်ဆယ်ရေးသုံးပစ္စည်း ၁၄ မျိုး ပါဝင်သည်ဟု သိရသည်။



တက်ရောက်လာသည့် အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများကို ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ပစ္စည်းများကို ကချင်ပြည်နယ်မီးသတ်တပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရှာဖွေကယ်ရေးသုံးပစ္စည်းများကိုဂျာမဏီ၊ ပြင်သစ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများမှ တင်သွင်းထားကြောင်းသိရပြီး ပြည်နယ် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်သည့် တာဝန်အပြင် အခြားကူညီကယ်ဆယ်ရေးများ ဆိုပါပစ္စည်းများအား အသုံးပြုခြင်းဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်ကထက် အချိန်ကုန်သက်သာပြီး ပိုမိုတိကျအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျော်သက်ဦး(ကချင်မြေ)

# ယခုပတ်အတွင်း ဖမ်းဆည်းရမိထားသည့် ဆိုင်ကယ်များထဲတွင် မိမိတို့ ပျောက်ဆုံးထားသည့် ဆိုင်ကယ်များ ပါမပါ မြို့မရဲစခန်းတွင် ကြည့်ရှုနိုင်



မြစ်ကြီးနား၊ စက်တင်ဘာ ၁၂

ဆိုင်ကယ်ခိုးယူ ရောင်းချခဲ့သူဟု ယူဆရသော အသက် ၃၀ အောက် လူငယ်အမျိုးသား ၅ ဦးကို ဆိုင်ကယ် ၁၃ စီးနှင့်အတူ ကွင်းဆက်ဖမ်းဆီးအရေးယူထားကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။

ထိုလူငယ်ကို ဖမ်းဆီးပြီးနောက် စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်ခိုးအဖွဲ့မှ စီတာပူရပ်ကွက်တွင်နေထိုင်သော အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦး၊ လယ်ကုန်းရပ်ကွက်မှ အသက် ၁၄ နှစ်အရွယ် တစ်ဦး၊ တပ်ကုန်းရပ်ကွက်မှ အသက် ၂၃ နှစ်အရွယ်တစ်ဦး၊ ရွှေစက်ရပ်ကွက်နေ အသက် ၂၉ နှစ်အရွယ်တစ်ဦးနှင့် တပ်ကုန်းရပ်ကွက်နေသူ အသက် ၂၅ နှစ်တစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အဆိုပါလူငယ် ၅ ဦးအနက် အသက် ၂၂ နှစ်အရွယ် လူငယ်သည် ပူတာအိုမြို့မှဖြစ်ပြီး ဩဂုတ်လ ၂၉ ရက်က စီတာပူရပ်ကွက်ရှိ ကုန်စုံဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်ကို ခိုးယူခဲ့သဖြင့် တရားလိုမောင်လရိန်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ရဲတပ်ဖွဲ့ဝင်များထံ အကူအညီတောင်းခံခဲ့ရာ ဆိုင်ကယ်နှင့်အတူ ပြန်လည် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသူတို့၏ ထွက်ဆိုချက် အရခိုးရာပါသက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းရာ စီတာပူရပ်ကွက်နေသူ အသက် ၁၈ နှစ်အရွယ် လူငယ်၏ အိမ်မှ ဆိုင်ကယ်တစ်စီး၊ ရွှေစက်ရပ်ကွက်ရှိ ရှမ်းလေးဆိုင်ကယ်ပြင်ဆိုင်တွင် ပြုပြင်ရန် အပ်ထားသည့် ဆိုင်ကယ်တစ်စီး၊ ကျပ် ၁၈၀၀၀၀ ဖြင့် ရောင်းလိုက်သည့် ဆိုင်ကယ်တစ်စီး၊ ကျပ် ၁၇၀၀၀၀ ဖြင့် ရောင်းချထားသည့် ဆိုင်ကယ် တစ်စီး၊ လွန်ခဲ့သည့် ၁၀ လခန့် ကျပ် ၁၈၀၀၀၀ ဖြင့် တစ်စီး၊ ၅ လခန့်က ကျပ် ၅၁၀၀၀၀ ဖြင့် ရောင်းချထားသည့် ဆိုင်ကယ် ၂ စီး၊ ရှမ်းလေးဆိုင်တွင် စုစုပေါင်း ၇ စီး ရောင်းချခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကလည်း နန်းကွေ့ကျေးရွာရှိအမျိုးသားတစ်ဦးထံ နှစ်သိန်းစီဖြင့် ရောင်းချထားသည့် ဆိုင်ကယ် နှစ်စီး၊ ၂၀၁၇ ခုနှစ်နိုဝင်ဘာလကနန်းကွေ့ကျေးရွာရှိ အမျိုးသားတစ်ဦးထံ တစ်စီးလျှင် ကျပ် ၂၀၀၀၀၀ ဖြင့် ရောင်းချခဲ့သည့် ဆိုင်ကယ် ၃ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါလူငယ်များကို ရာဇသတ်ကြီးပုဒ်မ ၃၇၉ (မဆ)/ကျင့် ၅၄ ဖြင့် မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆိုင်ကယ် ပျောက်ဆုံးခဲ့ဖူးသူ ပိုင်ရှင်များအနေဖြင့် မိမိဆိုင်ကယ်များပါ/မပါ၊ မြို့မရဲစခန်းတွင် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ရဲတပ်ဖွဲ့က လှည့်ကင်းဆိုင်ကယ်များဖြင့် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များသို့ လှည့်ပတ်ခဲ့

စက်တင်ဘာ ၁၂

မြစ်ကြီးနားမြို့တွင် ရဲတပ်ဖွဲ့လုံခြုံရေးလှည့်ကင်းကို တူညီဝတ်စုံများဖြင့် နောက်မီးတိုင်ပါသော ဆိုင်ကယ်အသစ်ကို လုံခြုံရေးဆောင်ရွက်သည့်အတွက် ပြည်သူများက ယခင်ကထက် စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"အခုလို ပြောင်းလဲလိုက်တော့ ပြည်သူတွေရဲ့အားကိုးမှုကိုပိုပြီးရရှိတယ်။ အရင်လက ဆိုရင် လုယက်မှုတွေကို ချက်ချင်း ဆောင်ရွက်နိုင်မှုတွေ ရှိခဲ့တယ်။ အနစ်သာရနဲ့ အသွင်သဏ္ဌာန်ပြောင်းလဲတာ ပြည်သူတွေအနေနဲ့ လုံခြုံမှုရရှိအောင်လို့ပါ"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယပြည်နယ်မှူးမျိုးသူရနောင်က ပြောသည်။

အဆိုပါအစီအစဉ်ကို ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် လွန်ခဲ့သည့် ဇူလိုင်လခန့်မှစတင် လုပ်ဆောင်ခဲ့ရာ တစ်လကျော်အတွင်းမှာပင် မှုခင်းဖြစ်ပွားရာ ချက်ချင်းသွားရောက်နိုင်ခဲ့သည့်ဖြစ်စဉ်များ ရှိခဲ့ကြောင်းလည်း သိရသည်။

ပြည်နယ်အတွင်းရှိ ကျန်မြို့နယ်များကိုလည်း လုပ်ဆောင်သွားရန် တင်ပြထားကြောင်းနှင့် နေ့စဉ် ၂၄ နာရီအတွင်း မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းများဆောင်ရွက်ပေးနေသည့်အတွက် မှုခင်းများဖြစ်ပွားလာပါက လှမ်းခေါ်ကာ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နှင့် အခြားမည်သည့် အရပ်ဒေသတွင်မဆို ပြစ်မှုကျူးလွန်ခံရပါက ၁၉၉ သို့ ဖုန်းဖြင့် ခေါ်ဆိုဆက်သွယ် တိုင်ကြားနိုင်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

# တက္ကသိုလ် ကျောင်းသူကျောင်းသားများ ဘွဲ့ရသည်နှင့် လုပ်ငန်းခွင်ဝင်နိုင်ရန် တယ်လီနော–မြန်မာက ဟောပြောပွဲကျင်းပ

မြစ်ကြီးနား၊ စက်တင်ဘာ ၁၂

မြစ်ကြီးနားတက္ကသိုလ်နှင့် တယ်လီနော - မြန်မာတို့ ပူးပေါင်းပြီး၊ အလုပ်သင် သင်တန်းဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာလ ၁၁ ရက်နေ့က မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းခန်းမတွင် ကျင်းပခဲ့ပြီး စိတ်ပါဝင်စားသည့် ကျောင်းသူကျောင်းသားများကို လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများအတွက် ခေါ်ယူလိုက်ကြောင်း သိရသည်။

"ဒီပရိုဂရမ်က အလုပ်သင် သင်တန်းပဲ။ အလုပ်သင် သင်တန်းသဘောမျိုးပဲ ဆိုတော့ သူတို့ကို တတ်သင့်တတ်ထိုက်တဲ့ပညာရပ်တွေကို သင်တန်းပေးမယ်။ သင်တန်းဆင်းလက်မှတ်လည်းပေးမယ်။အဲဒီ လက်မှတ်ပေါ်မှာမူတည်ပြီးတော့ သူတို့က အဲ့ဒီ မှတ်ကိုကိုင်ပြီးတော့ ခုနကပြောသွားသလို လာလျှောက်လို့ရတယ်" ဟု မန္တလေးမြို့မှ တယ်လီနော - မြန်မာ Regional Marketing Head မီမီသဲအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောပြသည်။

အဆိုပါ သင်တန်းများကို သက်ဆိုင်ရာမြို့များရှိ တယ်လီနော - မြန်မာဆိုင်များ၊ ရုံးများတွင် တက်ရောက်သင်ကြား ခံယူကြရမည်ဖြစ်သည်။ တယ်လီနော - မြန်မာတွင် လစ်လပ်ရာထူးများရှိခဲ့ပါက အဆိုပါသင်တန်းသားများကို ဦးစားပေး ခန့်အပ်သွားမည်ဖြစ်သည့်အပြင် အခြားလုပ်ငန်းများ လျှောက်ထားရာတွင်လည်း ယခု သင်တန်းဆင်းလက်မှတ်ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ယင်းက ဆက်ပြောသည်။

"ဒီ အတောအတွင်းမှာတော့ သူတို့ကိုသင်ပေးလိုက်တဲ့ဟာ တယ်လီနောမှာမှ မဟုတ်ဘူး၊ တခြားနေရာတွေမှာ သူတို့သွားပြီး လုပ်ချင်တယ်။ သွားလျှောက်ချင်တယ်ဆိုလဲရတယ်။ သူတို့ရသွားတဲ့ လက်မှတ်လေးက တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုတယ်"ဟု မမီမီသဲအောင်က ပြောသည်။

အဆိုပါသင်တန်းများမှာ သင်တန်းကာလက နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး၊ သင်တန်းသားအနည်းဆုံး ၂၅ ယောက်မှ အများဆုံး ၅၀ ဦးအထိ လက်ခံသင်ကြားပေးသွားမည်ဟု သိရသည်။

ထိုလုပ်ငန်းခွင်မပျက် သင်တန်းများအတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားများအား ခေါ်ယူခြင်း အစီအစဉ်ကို ၂၀၁၇ ခုနှစ်က မကွေးနှင့် ကလေးတက္ကသိုလ်များ၌ စတင်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ကျန်ရှိနေသည့် တက္ကသိုလ်များသို့ သွားရောက်လုပ်ကိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဆိုင်း(ကချင်မြေ)

# မြစ်ဆုံ ရေကာတာဆက်လက်တည်ဆောက်လျှင်အကျိုးထူးများရရှိမည်ဟုဆိုကာ တရုတ် SPIC မှ ဒေသခံများ ကို စည်းရုံး

မြစ်ကြီးနား၊ စက်တင်ဘာ ၁၄

မြစ်ဆုံရေကာတာစီမံကိန်းဆက်လက်တည်ဆောက်အကောင်အထည်ဖော်မည်ဆိုလျှင် ကောင်းကျိုးများစွာ ရရှိနိုင်ကြောင်း (SPIC) ရေအားလျှပ်စစ်ကုမ္ပဏီက အာလမ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံများနှင့် တွေ့ဆုံကာ စက်တင်ဘာလ ၁၁ ရက်နေ့က ပြောကြားခဲ့ကြောင်း သိရသည်။



မြစ်ဆုံစီမံကိန်းမှ တာဝန်ရှိသူ ၅ ဦးနှင့် စကားပြန်နှစ်ဦးတို့က ကျေးရွာရှိ ရွာသားအားလုံးကို ဖိတ်ကြားခြင်းမပြုဘဲ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ အယောက် ၂၀ ကိုသာ ဖိတ်ခေါ်၍ မြစ်ဆုံရေကာတာပြုလုပ်ခြင်းကြောင့် ရရှိလာမည့် ကောင်းကျိုးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း အာလမ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမုန်ရာထံမှ သိရသည်။

"ကျွန်တော်တို့ မြစ်ဆုံအနီးမှာရှိတဲ့ရွာတွေက ဒီ မြစ်ဆုံရေကာတာစီမံကိန်းလုပ်ဖို့ကို ကြောက်ရွံ့နေကြတယ်။ ဒီ မြစ်ဆုံဆိုတာကလည်း ကချင်ပြည်နယ်ရဲ့ သမိုင်းဝင်နေရာ တစ်နေရာဖြစ်တဲ့အတွက် ဒီစီမံကိန်းကို မလုပ်ခိုင်းချင်ဘူး"ဟု ဦးမုန်ရာက ပြောသည်။

၎င်းစည်းရုံးရေးအစီအစဉ်တွင် တက်ရောက်သော တာဝန်ရှိလူကြီးများကို (SPIC)မှ ရေ၊ ဖျော်ရည်၊ မုန့်တို့ကို ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

SPICကုမ္ပဏီကအောင်မြင်သာ အထက်တန်းကျောင်း၌လည်း ၎င်းတို့ကုမ္ပဏီက ထုတ်ပေးသည့် စာအုပ်တွင်ပါရှိသော မေးခွန်းများဖြေဆိုနိုင်သည့် ၅ တန်းမှ ၁၀တန်းအထိ တတ်ရောက်နေ ကျောင်းသားများအား ရေခဲသေတ္တာ၊ ပြိုင်ဘီး၊ ကွန်ပြူတာ၊ စာအုပ် ချီးမြှင့်သွားမည်ဖြစ်သည်ဟု မြစ်ဆုံ အရေးလုပ်ရှားသူ ဒေါ်ဂျာခါန်ထံမှ သိရသည်။

"တရုတ်တွေကို မကြိုက်တာမဟုတ်ဘူး။ မြစ်ဆုံရေကာတာ လုပ်တဲ့လူတွေကို မကြိုက်တာ။ အခုသူတို့က ရပ်ရွာအရေးဆိုလည်းပါတယ်။ ဘာဆိုလည်း ပါဝင်ကူညီနေတယ်။ ရွာသားတွေ ဒီ စီမံကိန်းကို လက်ခံလာအောင် သူတို့လုပ်နေတာ ကျွန်မကတော့ လူတွေအားလုံးလက်ခံရင်တောင် ကျွန်မကတော့ လက်မခံနိုင်ဘူး"ဟု ဒေါ်ဂျာခါန်က ပြောသည်။

ဩဂုတ်လ ၂၄ ရက်တုန်းကလည်း ဝိုင်းမော်မြို့နယ် နောင်းချိန်းကျေးရွာ၌ ယင်းစီမံကိန်း စည်းရုံးရေးအစီအစဉ်ကို ပြုလုပ်ခဲ့သည်။

Ah Je

# အချုပ်အခြာအာဏာ (Sovereignty) ဆိုတာ ဘာလဲ

M ကောန်လ

နိုင်ငံတိုင်း လူမျိုးတိုင်းမှာ အချုပ်အခြာအာဏာ ရှိကြတယ်။ အဲဒီ အချုပ်အခြာအာဏာရဲ့ သဘောထားတွေ နိုင်ငံသားတိုင်းသိသင့်တယ်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခတွေ တောက်လျှောက်ဖြစ်နေတဲ့ ကချင်ပြည်နယ်သားတွေ အားလုံး သေချာသိထားသင့်တယ်။

အချုပ်အခြာအာဏာနဲ့နိုင်ငံတော်ဆိုတဲ့ အဓိပ္ပါယ်တွေ ဆက်စပ်ပါတယ်။ နယ်နိမိတ်အကျယ်အဝန်းတစ်ခု ရှိရမယ်။ အဲဒီ (၃) မျိုး အစုအဖွဲ့ကို ထိန်းသိမ်းထားတဲ့ အာဏာရှိရမယ်။ အဲဒါဟာ နိုင်ငံတော်ဖြစ်တယ်။ ဒါကြောင့် ဒီထဲမှာရှိတဲ့ လူထုကြီးဟာ နိုင်ငံတော်ဖြစ်နေတယ်။ ဒါကြောင့် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်အဖြစ် အကြုံးဝင်နေတယ်။

ဟုတ်ပြီ။

အဲဒီနိုင်ငံတော်ကြီးထဲက လူထုကြီးကို ထိန်းချုပ်ဖို့ စည်းကမ်းဆိုတဲ့ ဥပဒေတွေ ရှိလာတယ်။ အဲဒီဥပဒေတွေကို လူထုကြီး လိုက်နာဖို့ အမိန့်တွေ လိုအပ်လာတယ်။ အဲဒီအမိန့်တွေအရ လူထုကြီးက ဘောင်ထဲမှာ လိုက်လုပ်ရတယ်။ အဲဒီအမိန့်ပြုနိုင်တဲ့ အာဏာကို အချုပ်အခြာအာဏာ (Sovereignty) လို့ ခေါ်တယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ အချုပ်အခြာအာဏာဟာ ရေနဲ့ကြာလိုပဲ အတွဲအစပ်သဘောရှိတယ်။ ဒီလိုသိမှ အချုပ်အခြာအာဏာကို ဘယ်လိုတည်ဆောက်ပြီး ဘယ်လိုထိန်းမလဲ ကြံစည်နိုင်မယ်။

အချုပ်အခြာအာဏာ ပြုလုပ်ကျင့်သုံးနိုင်တာ (၂)မျိုးရှိပါတယ်။ Internal နဲ့ External Sovereign Power ဆိုပြီး ရှိတယ်။ Internal ရဲ့ သဘောတရားက ပြည်တွင်းမှာ လိုအပ်တဲ့အာဏာအဝဝကိုသတ်မှတ်ပြဋ္ဌာန်းကျင့်သုံးတာဖြစ်ပြီး External ကတော့ နိုင်ငံတကာမှာ နိုင်ငံခြားရေးရာကိစ္စတွေ နိုင်ငံတိုင်းက ပါဝင်ဆုံးဖြတ်လုပ်ဆောင်နိုင်ခြင်းဆိုပြီး ဖြစ်ပါတယ်။

ဒါဆိုရင်. . . ပြည်တွင်းရော ပြည်ပမှာပါ မိမိလူမျိုးအတွက် ဥပဒေအရ စီရင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အာဏာကိုကျင့်သုံးခြင်းဟာ အချုပ်အခြာအာဏာလို့ ပြောနိုင်ပေပြီ။

အချုပ်အခြာအာဏာပိုင်ခွင့်တွေ ထပ်ပြီး ပြောပြချင်ပါတယ်။

၁။ ပြည်သူတို့ဟာ အချုပ်အခြာအာဏာပိုင်ခွင့် ရှိနေရမယ်။

ဒါကတော့ ရှင်းပါတယ်။ နိုင်ငံတော်ဆိုတာပြည်သူပဲဖြစ်တယ်။ အဲဒီပြည်သူတွေ ကျင့်သုံးတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းပိုင်ခွင့်အာဏာဟာ ပြည်သူထဲမှာပဲ ရှိရမယ်။ လူတစ်စုလက်ထဲမရှိရဘူး။ အကယ်၍ လူတစ်စုလက်ထဲ အချုပ်အခြာအာဏာရှိနေရင် နိုင်ငံတော်ဆိုတာ လူတစ်စုပဲဖြစ်သွားပြီး အာဏာရှင်အသီးသီး ပေါ်ထွန်းလာလေ့ရှိတာ သမိုင်းမှာမြင်ပြီးသားဖြစ်တယ်။ ပြည်သူလက်ထဲ အချုပ်အခြာအာဏာရှိဖို့ဆိုရင် လူထုကြီးက ဘယ်လိုသဘောထားထုတ်ဖော်ဖို့နည်းလမ်းတွေ ကျင့်သုံးရတယ်။ အဲ့လိုသဘောထားဖော်ထုတ်တာ ရွေးကောက်ပွဲကျင်းပတာ ဖြစ်တယ်။ အဲဒီရွေးကောက်တင်မြှောက်ခြင်းကနေ ဥပဒေတွေပြဋ္ဌာန်းဖို့နဲ့ အုပ်ချုပ်ဖို့ လွှတ်တော်ကြီးတွေ ဖွဲ့စည်းတယ်။ အုပ်ချုပ်ရေး ယန္တရားတွေကျင့်သုံးပြီး အချုပ်အခြာအာဏာ တည်မြဲအောင် ကြံဆောင်တယ်။ ဒါကြောင့် အချုပ်အခြာအာဏာဟာ လူတစ်စုပဲ ဖန်တီးခြင်းမဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး ဖန်တီးတည်ဆောက်ရတာဖြစ်တယ်။ လူတစ်စုကပဲ အချုပ်အခြာအာဏာ ထိန်းနေတယ်ဆိုရင် မဟုတ်တော့ဘူးပဲ ပြောချင်တယ်။

၂။ နိုင်ငံရေး အချုပ်အခြာအာဏာပိုင်ခွင့်ရှိနေရမယ်

နိုင်ငံတွင်းက ပြည်သူတွေရဲ့ အရေးအရာအားလုံး အရင်ကလည်း လုပ်ခဲ့တယ်။ အခုလည်း လုပ်နေဆဲပဲ။ အနာဂတ်အတွက်လည်း မူဝါဒတွေရေးဆွဲတယ်။ အဲ့ဒီလို စီမံဆောင်ရွက်နိုင်ခွင့်ဟာ ပြည်သူတွေကပဲ ရွေးချယ်တဲ့ အဖွဲ့အစည်းတစ်ရပ် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ကို ပြောတာဖြစ်တယ်။ သိပ်အရေးကြီးပါတယ်။ ဒီ နိုင်ငံရေးအချုပ်အခြာအာဏာအတွက်ပဲ ကမ္ဘာမှာ လွတ်လပ်ရေးစစ်ပွဲကြီးတွေ ပြည်တွင်းစစ်တွေ ဖြစ်ပေါ်နေတာဖြစ်တယ်။

၃။ အခြေခံဥပဒေရေးဆွဲနိုင်သော အချုပ်အခြာအာဏာပိုင်ခွင့် (Sovereignty as Constitution making Power)

အခြေခံဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ မိခင်ဥပဒေကြီးဖြစ်တယ်။ စည်းနဲ့ဘောင်နဲ့ ဒီနိုင်ငံကြီးကို ဘယ်လိုပုံသွင်းတည်ဆောက်မလဲ အခြေခံပြဋ္ဌာန်းချက်တွေ သတ်မှတ်တာဖြစ်တယ်။ အဲဒီအရေးကြီးတဲ့ ကိစ္စကို ပြည်သူတွေပဲ ဆောင်ရွက်ခွင့်ရှိနေရမယ်။ နောက်ထပ်အရေးကြီးတာက အဲဒီလို မိခင်ဥပဒေကြီးကို ပြန်လည်ပြုပြင်နိုင်တဲ့အခွင့်အာဏာလည်း ပြည်သူကပဲ လုပ်နိုင်ရပါမယ်။ ပြုပြင်ခွင့်တော့ ပေးထားပါရဲ့ နည်းလမ်းကိုတော့ လူတစ်စုက ချုပ်ကိုင်ထားရင်လည်း မှားနေတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ သင်ခန်းစာယူစရာကောင်းလှတယ်။ လူတစ်စုကပဲ စိတ်ကြိုက်ချယ်လှယ်တဲ့ အခြေခံဥပဒေကို ရေးဆွဲတယ်။ ပြန်ပြင်ခွင့်နည်းလမ်းကိုလည်း သူတို့လက်ထဲမှာ အဆုံးအဖြတ်ပေးထားတယ်။ Ritht to Recall နဲ့ Referendum Chance တွေ မပါဘူး။ ဒီတော့ ပြည်သူတွေရဲ့ Sovereign Power ပျောက်ဆုံးကုန်ပြီး လူတစ်စုရဲ့ Sovereign Power ပဲ ဖြစ်လို့နေတယ်။

၄။ ဥပဒေပြုပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ(Soereignty Of The Law Making Power)

အဲဒါကတော့ လွှတ်တော်တွေရဲ့ အခန်းကဏ္ဍတွေကို ပြောချင်တာဖြစ်တယ်။ အစိုးရအဖွဲ့ရဲ့ အမျိုးမျိုးသော အာဏာများ ကျင့်သုံးရန် လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကြီးက ပြဋ္ဌာန်းဆောင်ရွက်ပေးဖို့ ဖြစ်တယ်။ ဒါ့အပြင် အမျိုးသားလွှတ်တော်များနဲ့ ဒေသဆိုင်ရာရုံးတွေလည်း ယင်း၏အစိတ်အပိုင်းများအဖြစ် တွေ့နိုင်ပါတယ်။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များတစ်ခေတ်ကို အားလုံး ပြန်သတိရမယ်ထင်ပါတယ်။ အများက လက်မခံပေမယ့် လူတစ်စု သဘောထားနဲ့ပဲ ဥပဒေတွေ ပြဋ္ဌာန်းလာတာ Sovereignty သဘောသဘာဝနဲ့ ဘယ်လောက်ကွာခြားသလဲ မြင်တွေ့နိုင်တယ်။

၅။ ဥပဒေသဘောအရနှင့် လက်တွေ့ကျင့်သုံးသည့် အချုပ်အခြာအာဏာ (De Jure and De Facto Sovereignty)

ဒါက အချုပ်အခြာအာဏာကို ဘယ်လိုအခြေအနေတွေနဲ့ ကျင့်သုံးတဲ့ ပုံစံတွေ လေ့လာဖို့ဖြစ်တယ်။ ဥပဒေဘောင်အတွင်းကပဲ အချုပ်အခြာအာဏာကို အကောင်အထည်ဖော်ရင် De Jure ဖြစ်တယ်။ လက်တွေ့အခြေအနေအရ ဖြစ်နိုင်တာကို ဆောင်ရွက်တာကို De Facto လုပ်တာ ဖြစ်တယ်။ ကျွန်တော်တို့ဟာ အစဉ်သဖြင့် De Jure ဖြစ်အောင် စောင့်ထိန်းဖို့ပဲ လိုပါတယ်။ De Facto ဖြစ်နေမယ်ဆိုရင် ဒါဟာ ပြည်သူ့ဒီမိုကရေစီ မဟုတ်တော့ဘူး။ ဘာကြောင့် လဲဆိုတော့ De Facto မှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တွေနဲ့ အုပ်ချုပ်ပြဋ္ဌာန်းလာလို့ပဲ။ အဲဒါဟာ လူတစ်ယောက် သို့မဟုတ် လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက စိတ်ကြိုက် သူတို့သဘောကျတာတွေပဲ ဆောင်ရွက်ဖို့ အာဏာနဲ့ အမိန့်တွေ ထုတ်ပြီး လူထုသဘောတရားဆန္ဒကို မြောင်းထဲပို့ထားလို့ပဲ။

ကချင်တွေစဉ်းစားရအောင် အချုပ်အခြာအာဏာ (Sovereignty) ရဲ့ အခြေခံသဘောတရားတွေ သိပြီဆိုရင် ကျွန်တော်တို့ လက်ရှိနိုင်ငံရေးအနေအထားတွေပေါ် အကြမ်းဖျင်းလောက်တော့ ဆင်ခြင်မိနိုင်ကောင်းပါရဲ့။

ဆက်ပါဦးမည်

(နောက်အပတ်မှာ အချုပ်အခြာအာဏာရဲ့ ဝိသေသလက္ခဏာများနဲ့ ကန့်သတ်ချက်များအကြောင်း၊ ဒီမိုကရေစီနဲ့ အချုပ်အခြာအာဏာ ဖက်ဒရယ်စနစ်နဲ့ အချုပ်အခြာအာဏာ သဘောတရား စိတ်ပိုင်းလေ့လာခြင်းတို့ ဖော်ပြပါမည်)








# သီချင်းသုံးပုဒ်ဖြင့် ပရိသတ်ကိုချော့လိုက်တဲ့ တေးသံရှင် ဝန

ရှေ့ဖူးခင် မေးမြန်းသည်

မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်ကြီးရေ။ ကချင်ပြည်နယ် မြစ်ကြီးနားဇာတိသား တေးသံရှင်ဝနရဲ့ သီချင်းသုံးပုဒ်လို့ နာမည်ပေးထားပြီး သီချင်းသုံးပုဒ်ပဲ ပါဝင်တဲ့ Mini Album လေးထွက်ရှိလာပါပြီ။ သီချင်းသုံးပုဒ် တေးစီးရီးကို စက်တင်ဘာလ ၁၀ ရက်နေ့ကတည်းက HORUS Entertainment က နေ တစ်ခွေကို ၁၈၀၀ ကျပ်နဲ့ ဖြန့်ချိနေပြီး မိတ်ဆက်ပွဲကိုတော့ ရန်ကုန်မြို့ Old Skool (Bar & Restaurant) မှာ စက်တင်ဘာလ ၁၂ ရက်နေ့က ပြုလုပ်လိုက်တာပါ။ ဒီ Album မှာ အချစ်သီချင်း နှစ်ပုဒ်နဲ့အတူ စစ်ဘေးသင့်နေတဲ့ ပြည်သူတွေအတွက် သီဆိုထားတဲ့ သီချင်းလေးတစ်ပုဒ်လည်း ပါဝင်လာပါတယ်။ ဝနရဲ့ နောက်ထွက်ရှိလာနိုင်ဦးမယ့် Album တွေနဲ့အခုထွက်လာတဲ့သီချင်းသုံးပုဒ် Album အကြောင်းကို မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်တွေ သိရှိခံစားနိုင်ဖို့အတွက် သတင်းထောက် ရှေ့ဖူးခင်(Freelanceက တေးသံရှင်ဝနကို တွေ့ဆုံမေးမြန်းပေးထားပါတယ်နော်။

**MKN - ကိုဝနရေ မင်္ဂလာပါ။ အရင်ဦးဆုံး အခုထွက်ရှိတဲ့ Mini album လေးနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

Wana - ဒီ Mini album က ကျွန်တော်တို့ သကြ်န်အပြီးမှာ စပြီး တည်လိုက်တာပေါ့နော်။ အမှန်ကတော့ ကျွန်တော့်ရဲ့ တရားသဖြင့် ခွေလုပ်နေရင်းနဲ့ တရားသဖြင့်ခွေက မတရားသဖြင့် ကြာသွားတယ်လေ။ ကြာတဲ့အခါကျတော့ ကြားထဲမှာ Horizon က အစ်ကိုရော ပြီးလို့ရှိရင် ပရိုဂျူဆာချမ်းချမ်းပေါ့နော်။ ချမ်းမြေ့လွင်ကလည်း ကြားထဲမှာ မင်း တအားကြာသွားပြီ။ နည်းနည်းဖြစ်ဖြစ် အရင်ထုတ်ရအောင်ဆိုပြီး ပြောလို့ လုပ်ဖြစ်သွားတာပေါ့နော်။

**MKN - ဒီ Album ကို သီချင်းသုံးပုဒ်ပဲ ထည့်ဖြစ်သွားတဲ့အကြောင်းလည်း ရှင်းပြပေးပါဦး။**

Wana - ခွေထွက် အရမ်းကြာနေပြီ။ မင်းဝေးသွားပြီဆိုပြီးမှ ပရိသတ်ကို စိတ်ချမ်းသာအောင်ချော့တဲ့အနေနဲ့ သီချင်းလေး တစ်ပုဒ်နှစ်ပုဒ်လောက် တင်လိုက်ပါလား။ ခွေထုတ်လိုက်ပါလားဆိုပြီးတော့ အကြံပေးလို့ Mini album လေးမှာ သုံးပုဒ်နဲ့ စလုပ်ဖြစ်သွားတာပါ။

**MKN - ပရိသတ်ကို စိတ်ချမ်းသာအောင် ချော့တဲ့အနေနဲ့ဆိုတော့ ပရိသတ်သီချင်းတွေချည်းပဲ ပါမလား။ ဘယ်လိုပုံစံမျိုး ဖြစ်မလဲရှင့်။**

Wana - အမှန်ကတော့ ကျွန်တော့်အကြိုက်တွေချည်းပဲ(ရယ်လျက်)။ ပရိသတ်နဲ့ ကျွန်တော်နဲ့ အကြိုက်တူတယ်ဆိုရင်တော့ ပရိသတ်အကြိုက်လည်း ဖြစ်သွားမှာပေါ့နော်။

**MKN - ဟုတ်ကဲ့ပါ။ ဒီထဲကသီချင်းတွေကရော ဘယ်လိုရသမျိုးတွေလဲ။ ဘယ်လိုအကြောင်းအရာမျိုးတွေလဲ မိတ်ဆက်ပေးပါဦး။**

Wana - ဟုတ်ကဲ့။ သီချင်းက အချစ်သီချင်းနှစ်ပုဒ် ပါမယ်။ တစ်ပုဒ်ကကျတော့ ဒီ ကျွန်တော်တို့ စစ်ဘေးသင့်နေတဲ့ ပြည်သူတွေအတွက်ပေါ့နော်။ ရည်ရွယ်ပြီးမှ စစ်ပြေးတစ်ယောက်ရဲ့ စစ်ဘေးသင့်ပြီး ပြေးနေရတဲ့ ခံစားချက်ကို ရေးထားတာပါ။

**MKN - အဲဒီခံစားချက်လေးရဖို့အတွက် ဘယ်လို ဘယ်လိုသက်ဝင်ခံစားပြီး ရေးဖွဲ့ဖြစ်သွားတာလဲ မသိဘူး။**

Wana - တေးရေးကကျတော့ နိုင်လေးပေါ့နော်။ ကိုယ်တိုင်ရေးတာ တစ်ပုဒ်မှမပါဘူး။ ပထမ ခွေတွေတုန်းကတော့ ကိုယ်တိုင်ရေးဖြစ်တာပေါ့။ နိုင်လေးက သူကလည်း မြစ်ကြီးနားကပဲ။ လောလောဆယ်က ကျွန်တော်ရော သူရောက တကယ့်ကိုစစ်ဖြစ်နေတဲ့ဒေသက လူတွေဆိုတော့ ကျွန်တော်တို့အတွဲက ဒီဟာက တကယ့်ကိုယ်တွေ့လို ဖြစ်နေတာပေါ့။

**MKN - အရင်ထွက်ခဲ့တဲ့ Album တွေနဲ့ အခုဟာနဲ့ရော ဘယ်လိုကွာခြားမှုရှိလဲ။ သီချင်းအမျိုးအစားတွေက အစပေါ့။**

Wana - အရှေ့မှာက ပထမဦးဆုံးက One Hour ဆိုပြီး ထွက်တယ်။ ဒုတိယတစ်ခုက နှစ်ထောင့်ဆယ့်နှစ်ဆိုပြီး ထွက်တယ်။ ဒါပေမဲ့ အဲဒါကျတော့ နှစ်ယောက်တွဲခွေပေါ့နော်။ ကျွန်တော့် တစ်ကိုယ်တော်ခွေကကျတော့ အသင့်ဖြစ်ထားတယ်ဆိုပြီး တစ်ကိုယ်တော်ထွက်လိုက်တယ်။ သီချင်းကွာခြားမှုကတော့ အရင်ပုံစံတွေလိုပါပဲ။

**MKN - အခု သီချင်းသုံးပုဒ်နဲ့ ပရိသတ်ကို ချော့ပြီးပြီဆိုတော့ တရားသဖြင့်ခွေကရော ကြာလာနိုင်မလား။ ဒါမှမဟုတ် ပုံမှန် အတိုင်းပဲထွက်မှာလား။**

Wana - ပုံမှန်အတိုင်းပါပဲ။ သတ်မှတ်ထားတဲ့အချိန်ကို ထွက်မှာပါ။ သတ်မှတ်ထားတဲ့ အချိန်ဆိုတာ ဒီနှစ်ထဲမှာပဲ။

**MKN - အဲဒီ တရားသဖြင့်မှာရော ဘယ်လိုသီချင်းလေးတွေပါမလဲ။နည်းနည်းကြိုတင်မိတ်ဆက်ပေးပါလား။ တရားသဖြင့်ဆိုတဲ့ ခေါင်းစဉ်ကလည်း နည်းနည်းထူးဆန်းနေသလိုပဲ။**

Wana - တရားသဖြင့်က ဘယ်လိုပြောမလဲ။ ဟို. . ကိုယ်ချစ်တဲ့ ကိုယ့်ရဲ့ကောင်မလေးကို တောင်းဆိုတာပေါ့။ မတူညီတဲ့ အသိုင်းအဝိုင်းပေါ့။ မိဘတွေကိုလည်း မှားတယ်မပြောဘူး။ ကိုယ်လည်း မှန်တယ်လို့ မဆိုလိုဘူး။ ကြားထဲကနေ နှစ်ဦးနှစ်ဖက် တရားသဖြင့်လေး စဉ်းစားပေးပါဆိုပြီး တောင်းဆိုထားတဲ့ သီချင်းလေးပေါ့။

**MKN - ကိုဝနဆိုလိုက်တာနဲ့ သီချင်းတိုင်းလိုလိုက လူငယ်တွေကြားမှာ ပေါက်တယ်လေ။ အကိုဆိုထားတဲ့ အနီးဆုံးလူ သီချင်းဆိုရင် စ'နားထောင်လိုက်တာနဲ့ ကြက်သီးထသွားစေတာမျိုး အရမ်းကြိုက်ကြတာမျိုးတွေ ရှိတယ်ပေါ့။ ဘယ်လိုခံစားပြီးဆိုခဲ့တာလဲ။အဲဒီအပေါ်မှာရော ပရိသတ်ကို ဘာတွေပြောချင်မလဲ။**

Wana - သီချင်းဆိုရင်တော့ ကိုယ့်ခံစားချက်လေးနဲ့ကိုယ်ဆိုတာပေါ့နော်။ သူတို့ခံစားရတယ်။ သူတို့အတွက် တစ်ခုခုကျန်သွားစေတာကတော့ တိုက်ဆိုင်လို့ပေါ့နော်။ ဒါ သူတို့နဲ့ သဟဇာတဖြစ်လို့ပေါ့လေ။

**MKN - အခုခွေမှာ တီးဝိုင်းနဲ့ စတူဒီယိုကရော ဘယ်မှာသွင်းတာလဲ။**

Wana - တီးဝိုင်းကတော့ Horizon Music Band ပေါ့။ စတူဒီယိုကတော့ Horus Studio မှာ သွင်းတာပေါ့။

**MKN - သူကရော CD ပဲလား။ MTV ရိုက်ဖို့ရှိမလား။**

Wana - လောလောဆယ်တော့ Audio CD ပဲ။ နောက်မှ Music Vedio ရိုက်ပြီးမှ ပြန်ဖြန့်ဖို့ရှိပါတယ်။

**MKN - ဘယ်တော့လောက်ဖြစ်မလဲ။ နောက်ပြီး ဘယ်လိုနေရာတွေမှာ ဘယ်သူတွေနဲ့ သရုပ်ဆောင်မယ်ဆိုတာလေးလည်း သိပါရစေ။**

Wana - ဒါပြီးတာနဲ့ စပြီးအကောင်အထည်ဖော်တော့မှာပါ။ ဘယ်နေရာတွေမှာ ဘယ်သူတွေနဲ့ သရုပ်ဆောင်မယ်ဆိုတာတော့ လောလောဆယ်မဆုံးဖြတ်ရသေးဘူး။ ပရိုဂျူဆာနဲ့ဒါရိုက်တာတွေနဲ့တိုင်ပင်ပြီး ဆွေးနွေးနေဆဲပါပဲ။

**MKN - ကချင်ပြည်နယ်ကိုရော လာပြီး One Man Show ဆိုဖို့ အစီအစဉ်တွေ ဘာတွေရှိမလား။**

Wana - One Man Show က လုပ်ဖို့တော့ဆန္ဒ ရှိတာပေါ့နော်။ အိပ်မက်တော့ရှိတယ်။



ဒါပေမဲ့ တာဝန်ကြီးတယ်။ တကယ်လုပ်ဖြစ်လုပ်တဲ့အခါကျရင်တော့ ပြောပါမယ်။

**MKN - ကိုဝနအနေနဲ့ သီချင်းတွေဘာတွေရော ရေးဖြစ်ရဲ့လား။ အခုနောက်ပိုင်း ကိုဝနရေးတဲ့သီချင်းတွေ သိပ်မတွေ့ရသလိုပဲ။**

Wana - အခုနောက်ပိုင်းက သီချင်းက ရေးဖြစ်တယ်။ ဒါပေမဲ့ ကျဲတာပေါ့နော်။ သီချင်းအရေးကျဲသွားတယ်။

**MKN - ကိုဝနက ဒီဂီတပိုင်းဆိုင်ရာ သီချင်းဆိုတာအပြင် ပန်းချီတွေ ကာတွန်းတွေ ရေးတာ ဝါသနာပါတယ်လို့လည်း သိရတယ်ပေါ့နော်။ အဲဒီတော့ သီချင်းဆိုတာအပြင် အခြားဘာအနုပညာတွေ လုပ်ဖြစ်သေးလဲ။**

Wana - အခုနောက်ပိုင်းကတော့ မလုပ်ဖြစ်တော့ပါဘူး။ အရင်တုန်းက ငယ်ငယ်ကပေါ့နော်။ ငယ်ငယ်တုန်းက မြစ်ကြီးနားမှာ ကာတွန်းသင်တန်းဆိုပြီးမှ ထူးထူးဆန်းဆန်းလာဖွင့်တာရှိတယ်။ ဆရာဗိုသံပေါ့။ ဆရာဗိုသံလာဖွင့်တဲ့အချိန်မှာ ဦးဦးဖျားဖျားတက်တဲ့တပည့်က ကိုဝနပဲ။ ဦးဦးဖျားဖျား တစ်ဦးတည်းသောတပည့်ပေါ့(ရယ်လျက်)။ အဲဒီတုန်းကတော့ ဆရာနဲ့အတူ ဆရာဆွဲထားတာလေးကို ခဲဖျက်နဲ့လိုက်ဖျက်ပေး၊ ဆေးလေးတွေလိုက်ဖြည့်ပေးလေးတွေ လုပ်ခဲ့ဖူးတယ်။ အခု သီချင်းသုံးပုဒ်ခွေမှာ ဆရာကိုယ်တိုင် Cover ဒီဇိုင်း လုပ်ပေးထားပါတယ်။

**MKN - ဟုတ်ကဲ့ပါ။ ကချင်ပြည်နယ်က ကိုဝနရဲ့ပရိသတ်တွေက ကိုဝနရဲ့အချစ်ရေးနဲ့ ပတ်သတ်ပြီးတော့လည်း သိချင်ကြမယ်ထင်တယ်။ ချစ်သူရှိရင်လည်း နာမည်လေးပါ မိတ်ဆက်ပေးပါဦး။**

Wana - အချစ်ရေးကတော့ ကိုးနှစ်ကျော်သွားပြီပေါ့။ မင်္ဂလာဆောင်ခါနီးကျရင်တော့ Date ကို ပြောပြပေးပါမယ်။ ပရိသတ်တွေကိုလည်း ဖိတ်ပါမယ်လို့။ နာမည်က အောင်းနီပါ။

**MKN - ကိုဝနနဲ့ ပတ်သတ်ပြီး မှတ်မှတ်ရရ မြစ်ကြီးနားဂျာနယ်မှာ အဖြစ်အပျက်တစ်ခုရှိဖူးတယ်။ သတင်းထောက်က ဝလုံးနဲ့နငယ် ဝနဆိုပြီးရေးပေမဲ့ အယ်ဒီတာက ဝလုံး ဏကြီးနှစ်လုံးဆင့်နဲ့ ဝဏ္ဏဆိုပြီး ပြန်ပြင်လိုက်လို့ ပုံနှိပ်တိုက်အထိ အသည်းအသန်လိုက် ပြင်ခဲ့ရဖူးတယ်။ ဝနဆိုတာ အနုပညာနာမည်ပဲလား။ နာမည်ရင်း ရှိသေးရင်လည်း ပြောပြပေးပါဦး။**

Wana - သူတို့မှားတဲ့ ဝလုံးနဲ့ ဏကြီးနှစ်လုံးဆင့်ကကျတော့ အဓိပ္ပါယ်က ရုပ်ချောတာကို ပြောတာ။ အစ်ကိုရဲ့ ဝန ကကျတော့ 'တော'။ ပါဠိလိုပေါ့။ နာမည်အရင်းက ဇန ပါ။ အဖွားက ပေးသွားတာပေါ့နော်။ အဲဒါကို ဝန ဝနနဲ့ ခေါ်ရင်းနဲ့ ဝနလို့ပဲ တွင်သွားတာပါ။

**MKN - ဂီတနဲ့ ပတ်သက်ပြီးတော့ကျတော့ရော ဘယ်အချိန်ကတည်းက ဝါသနာပါခဲ့တာလဲ။ ဘယ်နှခုနှစ်ကတည်းက ဝင်ရောက်ခဲ့တာလဲ။**

Wana - ဝါသနာဆိုတာကတော့ ကိုယ်မသိတဲ့အချိန်ကတည်းက ပါရင်ပါနေမှာပေါ့နော်။ လုပ်ဖြစ်တာကတော့ အသက်ဆယ့်ခြောက် ဆယ့်ခုနစ်လောက်ကတည်းက စလုပ်ဖြစ်နေပြီ။သူငယ်ချင်းတွေနဲ့ Band ထောင်ပြီး လုပ်နေကြပြီ။

**MKN - ကိုဝနရဲ့ ညီမဝမ်းကွဲတစ်ယောက်ကလည်း စာတွေရေးတယ်။ စာရေးဆရာမလို့ သိရတယ်။ ကိုဝနတို့က အနုပညာမျိုးရိုးကလာ တာပဲလား။ အခြားရော ဘယ်သူတွေရှိဦးမလဲ။**

Wana - ညီမ လွမ်းမိုးဆွေ ထင်တယ်။ အဲလိုတော့ မဟုတ်ပါဘူး။ အစ်ကိုတို့က အနုပညာမျိုးရိုးမရှိပါဘူး။ ကိုယ်ဝါသနာပါသလိုပဲ သွားနေကြတာပါ။

**MKN - နောက်တစ်ခုကလေ အချို့ တေးသံရှင်တွေက သီချင်းခွေ တစ်ခွေနှစ်ခွေထွက်တယ်။ အရမ်းလည်းပေါက်သွားတယ်။ ပရိသတ် အခိုင်အမာရသွားပြီးရင် သူတို့က ပျောက်ပျောက်သွားတာမျိုးပေါ့။ မဆိုကြတော့တာမျိုးတွေရှိတယ်။ ကိုဝနအနေနဲ့ကရော ရှေ့ဆက်ပြီး ဒီဂီတလောကမှာ အမြဲတမ်းရှင်သန်အောင် နေထိုင်ဖို့ ဘယ်လိုစီမံကိန်းတွေ ချထားလဲ။**

Wana - အများကြီးရှိပါတယ်။ ဘာလို့လဲဆိုတော့ သီချင်းတွေပဲဆိုမယ်။ သီချင်းတွေပဲ ရေးနေရင်းနဲ့သေသွားမှာကိုး။ သေတဲ့အထိ ဒါပဲလုပ်မယ်။ ဒါပဲလုပ်တတ်တယ်။ ကိုယ့်ပရိသတ်အတွက် အကောင်းဆုံးလုပ်မယ်။ အကောင်းဆုံး မလုပ်နိုင်သေးရင် ခွေမထွက်သေးဘူး။ အကောင်းဆုံးလုပ်နိုင်မှပဲ ပရိသတ်ကိုချပြမယ်။ တကယ်ကိုယ့် Fan အစစ်ဆိုရင်လည်း ကိုဝန တစ်ခွေ တစ်ခွေကို ဘယ်လောက်ကြာကြာ စောင့်နေမှာပါ။ ကိုဝနရဲ့ လုံ့လဝီရိယရှိသလောက် အကောင်းဆုံး ကြိုးစားနေမယ်။ ပရိသတ်ကိုလည်း အရိုးသားဆုံးပေးဆပ်သွားမယ်။

**MKN - ကိုဝနကကျတော့ ဒီဂီတလောကထဲကို အဆိုပြိုင်ပွဲတွေဝင်ပြီး ရောက်လာတာမဟုတ်ဘူးနော်။ အဆိုပြိုင်ပွဲတွေ ဘာတွေရော ငယ်ငယ်က ဝင်ပြိုင်ဖူးလား။**

Wana - အရင်တုန်းက တစ်ခါ မန္တလေးမှာလုပ်တဲ့ ဦးကျော်ဟိန်းနဲ့လုပ်တဲ့ အဆိုတော်တို့ သရုပ်ဆောင်တို့ ရွေးပွဲမှာတော့ တစ်ခါပြိုင်ခဲ့ဖူးတယ်။ မြစ်ကြီးနားကနေပြီး မန္တလေးထိကို သွားပြိုင်တာ။

**MKN - ဂီတနဲ့ ပတ်သက်ပြီး ကိုဝန လေးစားအားကျရတဲ့သူရှိရင်လည်း ပြောပြပေးပါဦး။**

Wana - ကိုဒိုးလုံးနဲ့ ကိုလေးဖြူကို အရမ်းလေးစားပါတယ်။ ဟုတ်ကဲ့။

**MKN-မြစ်ကြီးနားမှာကျတော့ ကိုဝန ဘယ်ရပ်ကွက်မှာနေခဲ့**

စာ - ၁၄၊ ကော်လံ ၅ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
(စက်တင်ဘာ ၁၇ ၊ ၂၀၁၈)

# တရုတ်ကျောက်စိမ်းလောကတွင် တခြားနိုင်ငံမှ ကျောက်များ ဝင်ရောက်လာသဖြင့် မြန်မာ့ကျောက်စိမ်းနှင့် ရောင်တော်ပျံလွတ်မည်ကို မြန်မာ့ကျောက်လုပ်ငန်းရှင်များ စိုးရိမ်နေ

မြစ်ကြီးနား၊ စက်တင်ဘာ ၁၄

တရုတ်နိုင်ငံရှိ ကျောက်စိမ်းဈေးကွက်များအတွင်း မြန်မာ့ကျောက်စိမ်းကဲ့သို့ အရောင်တူသည့် ကျောက်စိမ်းတစ်မျိုး ရောင်းဝယ်နေသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းသည် မြောက်အမေရိကတိုက်ရှိဂွါတီမာလာနိုင်ငံမှ ထွက်ရှိပြီး တရုတ်ပြည်မှ ပန်းပုထုလုပ်သူများက သဘောကျနှစ်ခြိုက်လျက်ရှိကြောင်းလည်း သိရသည်။

မြန်မာ့ကျောက်စိမ်းနှင့် အသွင်သဏ္ဌာန်တူသည့် ယင်းကျောက်စိမ်းများ ဝင်ရောက်နေသော်လည်း ၎င်းတို့က ကျောက်စိမ်း၏ မူလနေရာကို မပြောဘဲ မြန်မာပြည်မှထွက်သည့် ကျောက်စိမ်းဟု လိမ်လည်ပြောဆို ရောင်းချနေကြပြီး မြန်မာ့ ကျောက်စိမ်းလောကအတွက် ထိခိုက်မှုများစွာရှိလာနိုင်သည်ဟုလည်း မြန်မာ့ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဟောင်းဦးယုံးမူက သူကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ရှင်းပြသည်။

"ဝိကင်း၊ ရှန်ဟိုင်းနဲ့ ဟောင်ကောင်ဈေးကွက်ထဲမှာ မြန်မာပြည်ကကျောက်စိမ်းလို့ ပြောပြီးရောင်းနေတာ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့တာ။ ကျွန်တော်တို့ဆီက ကျောက်စိမ်းနဲ့လည်း ခွဲမရအောင်တူတယ်ဗျ။ ဒီလိုနာမည်သုံးရောင်းချတာ မြန်မာ့ကျောက်စိမ်းရဲ့ ဂုဏ်သိက္ခာနဲ့ဈေးကွက်အတွက်စိန်ခေါ်မှုတွေ ရှိလာနိုင်တယ်" ဟု ဦးယုံးမူက ဆိုသည်။

ဖားကန့်ဒေသတွင် ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်နေသူများက ကျောက်တစ်လုံးကို ကြည့်လိုက်ရုံနှင့် ထွက်ရှိရာမှော်ကို လက်တန်းပြောနိုင်ကြသည်။

သို့သော် ဂွါတီမာလာကျောက်စိမ်းသည် မြန်မာ့ကျောက်စိမ်းနှင့် အလေးချိန်အားဖြင့် ကွာဟမှုရှိကြောင်း၊ မည်မျှထွက်ရှိနေသည်ကို မသိရှိရသေးကြောင်း၊ အရည်ကျောက်များသာ အသုံးဝင်ကြောင်း၊ အသားကျောက်များမှာ ဈေးကွက် မရရှိကြောင်းလည်းအထက်ပါအသင်းချုပ်မှ ဒုဥက္ကဋ္ဌဖြစ်သူ ဦးကျော်သူရအောင် ပြောသည်။

"ဒါက သူများနိုင်ငံမှာဖြစ်နေတော့ ကျွန်တော်တို့ ဘာမှထိန်းချုပ်လို့မရသေးဘူး။ ဈေးကွက်တော့မကြီးမားသေးဘူး။ တရုတ်ပြည်မှာတော့လုံးစွပ်အတိုင်းရောင်းတာ မတွေ့သေးဘူး။ မာကျောအဆင့်ကမြန်မာ့ကျောက်စိမ်းကို မမီသေးဘူး။ မြန်မာ့ ကျောက်စိမ်းဈေးကွက်ကို ခြိမ်းခြောက်လာနိုင်ပါတယ်။ မြန်မာ့ကျောက်စိမ်းလိုတော့ ဘေးသားတွေက သုံးမရဘူး။ ရေရာတဲ့ ဈေးကွက်မရှိသေးတော့ စိုးရိမ်ရတဲ့အနေအထားမှာတော့ သိပ်မရှိပါဘူး" ဟု ဦးကျော်သူရက သုံးသပ်ပြောဆိုသည်။

ယင်းသို့ မြန်မာ့ကျောက်စိမ်းနှင့် ဆင်တူယိုးမှား ရောင်းချမှုမရှိစေရန်အတွက် နိုင်ငံတော်မှတာဝန်ရှိသူများမှ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ မြန်မာ့ကျောက်စိမ်းနှင့် ဂွါတီမာလာကျောက်စိမ်းများကို တံဆိပ်ကပ်နှိပ်ကာ ရောင်းချသင့်ကြောင်း ဦးယုံးဖူက အကြံပြုပြောကြားသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# မြစ်ကြီးနားမြို့တော်အတွက် အမှိုက်ကား ထပ်မံလိုအပ်နေဟု စည်ပင်ဝန်ကြီးပြောကြား



မြစ်ကြီးနားမြို့၊ စက်တင်ဘာ ၁၄

မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များတွင် အမှိုက်သိမ်းယာဉ်လုံလောက်မှုမရှိသည့်အတွက် အမှိုက်သိမ်းယာဉ်များ ပြည်နယ်အစိုးရအဖွဲ့မှ အမြန်ဆုံး ချထားပေးစေလိုကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

"မြစ်ကြီးနားမြို့ ရပ်ကွက်တွေက တခြားမြို့တစ်မြို့လောက်ရှိတယ် လူများတော့ အမှိုက်လည်း များတယ်။ ပြီးတော့ အမှိုက်သိမ်းယာဉ်က မလောက်တော့ ရပ်ကွက်တွေကအမှိုက်တွေ ကောင်းကောင်းမသိမ်းနိုင်ဘူး။ အမှိုက်သိမ်းယာဉ်တွေ လုံလောက်မှုရှိရင်တော့ မြစ်ကြီးနားမြို့က ရပ်ကွက်တိုင်းလည်း အမှိုက်ကင်းသွားမယ်လို့ ယုံကြည်ပါတယ်"ဟု ဦးနေဝင်းက ပြောသည်။

ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်ရှိသည့် မြစ်ကြီးနားမြို့တွင် အမှိုက်သိမ်းယာဉ် ၁၂ စီးဖြင့် ဆောင်ရွက်နေရသည့်အတွက် အမှိုက်များကို အချိန်တိုအတွင်း ကင်းရှင်းအောင်လုပ်ဆောင်နိုင်ရန် မလွယ်ကူဟုလည်းဆိုသည်။

အမှိုက်များကို စနစ်တကျပစ်ရန်အတွက် ပြည်သူများအနေဖြင့် အမှိုက်ပစ်ချိန်တွင် စည်းကမ်းတကျပစ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေ့စဉ် ကားတစ်စီးအတွက် လုပ်သား ၄ ဦး ထားရှိကာ တစ်နေ့ ၃ ကြိမ်နှုန်းဖြင့် နန်ကျင်ကျေးရွာ အမှိုက်ပုံးအထိ ပို့ပေးရသော်လည်း အမှိုက်သိမ်းယာဉ်လုံလောက်မှု မရှိသဖြင့် အမှိုက်ကိုကင်းစင်အောင် သိမ်းဆည်း နိုင်ခြင်းမရှိဟုလည်း ဆိုသည်။

လူဦးရေများလာတာနှင့် အမျှလူသုံးကုန်စွည်းများသည့်အတွက် အမှိုက်လည်းများလာကာ သိမ်းဆည်းရပိုခက်လာပြီး အချိန်လည်း ပိုပေးလာရသည်ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေးဌာနစိပ်မှ ဦးအောင်နေစိုးမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယခင်က လမ်းမကြီးဘေးများတွင် အမှိုက်ပုံးများ ထားရှိပေးသော်လည်း အမှိုက်ပုံးထဲရောက်အောင်မပစ်ဘဲ ဘေးနားတွင် ပစ်ထားသည့်အတွက် ခွေးများနှင့် ပလပ်စတစ်ကောက်သူများကြောင့် တစ်လမ်းလုံးရှုပ်ပွခဲ့သဖြင့် မြို့အင်္ဂါရပ်နှင့်လည်း မညီသည့်အတွက် အမှိုက်ပုံးများအစား အမှိုက်သိမ်းယာဉ်များကို ရပ်ကွက်အတွင်း ပတ်ခိုင်းသည့်စနစ် ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"အမှိုက်များလာတာက အဓိကမဟုတ်ဘူး သိမ်းရမှာက ကျွန်တော်တို့ တာဝန်လေ ဒါပေမဲ့ပြည်သူတွေကို စည်းကမ်းတကျစွန့်ပစ်စေချင်တယ်။ အမှိုက်တွေက ပြန့်ကျဲနေတာ ကျွန်တော်တို့ အမှိုက်သိမ်းတဲ့သူတွေရော ပြီးတော့အမှိုက်သိမ်းယာဉ်ရော မလောက်တော့ မသိမ်းနိုင်ဘူး"ဟု ဦးအောင်နေစိုးက ပြောသည်။

မြို့နယ် စည်ပင်သာယာတွင်ရှိသည့် အမှိုက်သိမ်းယာဉ်များဖြင့် နေ့စဉ် မနက် ၄ နာရီမှ ည ၉ နာရီအထိ အမှိုက်သိမ်းစနစ်ကို လည်ပတ်နေကြကြောင်း ဦးအောင်နေစိုးက ပြောသည်။

အဆိုပါ အမှိုက်များကို ပြည်သူများ အပန်းဖြေသည့်နေရာများတွင်အများဆုံးတွေ့ရသည့်အတွက် ပြည်သူ့ရင်ပြင်နှင့် ပန်းခြံနေရာများတွင် အမှိုက်ပုံးများ ထားရှိပေးထားသော်လည်း အမှိုက်ပုံးထဲသို့ အမှိုက်မစွန့်ပစ်ကြဘဲ မြစ်ထဲသို့ စွန့်ပစ်မှုများ ရှိနေသေးကြောင်း၊ ညဈေးတန်းသိမ်းပြီးနောက် ကျန်ခဲ့သည့် အမှိုက်များကို ဧရာဝတီမြစ်အတွင်း စွန့်ပစ်နေမှုများလည်း ရှိကြောင်း သိရသည်။

အမှိုက်သိမ်းယာဉ်တစ်စီးလျှင် ဓာတ်ဆီဂါလံ ၃၀ နှုန်းဖြင့် မြစ်ကြီးနားမြို့နှင့် ၁၀ မိုင်ခန့်ဝေးသည့် နန်ကျင့်ကျေးရွာအနီးသို့ တစ်ရက်သုံးကြိမ် သွားရောက်စွန့်ပစ်နေရကြောင်း သိရသည်။

မွန်းမွန်းပန်၊ Ah Je

# ဆောက်လုပ်ရေးတင်ဒါများကို ဝင်ရောက်ယှဉ်ပြိုင်လျှင် ပြည်နယ်တွင်း လုပ်ငန်းရှင်များ လုပ်ခွင့်မရဘဲ အောက်ပိုင်းဒေသမှ ကုမ္ပဏီများသာရရှိနေ

မိုးညှင်း၊ စက်တင်ဘာ ၁၀

ကချင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များ စုပေါင်းကာ အစိုးရနှင့်ပတ်သက်သော ဆောက်လုပ်ရေးလုပ်ငန်းအခက်အခဲများအား ကချင်ပြည်နယ်အစိုးရထံသို့တင်ပြနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးချက်များကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကချင်ပြည်နယ်)မှ ဦးဆောင်တင်ပြသွားမည် ဖြစ်ကြောင်း စက်တင်ဘာ ၁၀ရက်နေ့က မိုးညှင်းမြို့တွင် ပြုလုပ်ခဲ့သော လုပ်ငန်းရှင်များတွေ့ဆုံပွဲ၌ အသင်းဥက္ကဋ္ဌက ပြောခဲ့ကြောင်း သိရသည်၊

"ကချင်ပြည်နယ်အတွင်းမှာရှိနေတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေက လုပ်ငန်းလုပ်နေကြပေမယ့် အရှုံးပေါ်နေတဲ့ ကုမ္ပဏီအချို့တွေ ရှိနေပါတယ်။ စာချုပ်မှာမပါတဲ့ကိစ္စရပ်တွေကိုပါ ကူညီဆောင်ရွက်ပေးနေကြရတာ သိရပါတယ်။ အခု သူတို့တွေရဲ့ဆွေးနွေးတင်ပြလာကြတဲ့ လက်ရှိတွေ့ကြုံနေကြရတဲ့ အခက်အခဲတွေကို ကချင်ပြည်နယ်အစိုးရထံတင်ပြသွားမှာပါ"ဟု မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတူးရိန်က ပြောသည်။

ဆောက်လုပ်ရေး လုပ်ငန်းရှင်များအနေဖြင့် အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများတွင် အစိုးရဘက်က ငွေကြေးထုတ်ပေးမှုကြန့်ကြာနေမှုကိစ္စရပ်များ၊ စာချုပ်စာတမ်းကို ရှင်းလင်းစေရန် ကိစ္စရပ်များ၊ စာချုပ်တွင် မပါသော ကိစ္စရပ်များကို သက်ဆိုင်သောဌာနများက ဆောက်လုပ်ရေးကုမ္ပဏီများအပေါ် သွယ်ဝိုက်သော အားဖြင့်လည်းကောင်း တိုက်ရိုက်အားဖြင့်လည်း ကောင်း ကြားထဲမှ အကူအညီတောင်းခံသည့် ဖြစ်ရပ်များလည်း ရှိနေကြကြောင်း သိရသည်


"ကျွန်တော်တို့ဆီမှာ ကျွမ်းကျင်တဲ့အင်ဂျင်နီယာတွေ ငှားထားတာရှိတယ်။ စက်ယန္တရားတွေရှိတယ်။ ကချင်ပြည်နယ် အစိုးရထံမှာ လုပ်ငန်းတင်ဒါပြိုင်တဲ့အခါမှာ ဘယ်တော့မှမရတာများပါတယ်။ အောက်ပိုင်းကလာတဲ့လူကတော့ တစ်ဦးတည်းနဲ့ဆောက်လုပ်ရေးကုမ္ပဏီအမည်(၅)ခုနဲ့ လာပြိုင်တယ်။ သူတို့ကတော့အကုန်ရတယ်။ ကျွန်တော်တို့ဆီမှာ မှတ်တမ်းတွေရှိတယ်။ ကျွန်တော်တို့ကတော့ လုပ်ငန်းတစ်ခုလေး တင်တာတောင် တစ်ခုလေးမရနိုင်ဘူး။ ကျွမ်းကျင်မှုလိုတယ်ဆိုသလို ပြောတယ်။ ကျွန်တော်တို့ရခဲ့တဲ့ လုပ်ငန်းတွေမှာ အရင်အစိုးရလက်ထက်က လုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးရင် ငွေလည်း ၅၀ ရာခိုင်နှုန်းထုတ်လို့ရတယ်။ အခု အစိုးရလက်ထက်ရောက်တော့ လုပ်ငန်းက ၇၀ ရာခိုင်နှုန်းပြီးစီးနေပေမယ့်လည်း ၅၀ ရာခိုင်နှုန်းထုတ်လို့မရကြတော့ အခက်အခဲတွေဖြစ်နေတယ်"ဟု ရှမ်းနီလွင်ပြင် ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဝင်းနောင်က ပြောသည်။

ထွန်းထွန်း(မိုးညှင်း)

# ကချင်ပြည်နယ်သည် လူကုန်ကူးမှု ဒုတိယအများဆုံး ပြည်နယ်ဖြစ်ပြီး ယခုနှစ်အတွင်းဖြစ်ပွားသည့် အမှု ၂၀ ကျော်တွင် ကိုယ်ဝန်အငှားလွယ်ခိုင်းသည့်အမှု သုံးမှုပါဝင်

မြစ်ကြီးနား၊ စက်တင်ဘာ၁၂

ကချင်ပြည်နယ်သည် လူမှောင်ခို/လူကုန်ကူးမှု ဒုတိယအများဆုံး ဖြစ်ပွားနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။




မြန်မာမိန်းကလေးများကို အိမ်နီးချင်းနိုင်ငံများသို့ နည်းလမ်းမျိုးစုံအသုံးပြု၍ ပို့ဆောင်ကျူးလွန်နေကြပြီး တစ်ဘက်နိုင်ငံရောက်သည့်အခါ အသက်အရွယ် အိုမင်းသောယောကျ်ားများ၊ မသန်စွမ်းယောကျ်ားများ၊ ပုံဆိုးပန်းဆိုးယောကျ်ားများထံ ရောင်းစားခံခဲ့ရကြောင်း ဝိုင်းမော်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသိန်းကျော် ပြောကြားခဲ့သည်။

ကချင်ပြည်နယ်အတွင်းမှ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်နှင့် မိုးကောင်းမြို့နယ်များတွင် လူကုန်ကူးမှု အများဆုံးဖြစ်ပွားနေပြီး၊ ရံဖန်ရံခါ ပူတာအို၊ ရွှေကူ၊ မိုးညှင်း၊ ဆဒုံး၊ တနိုင်း၊ မချမ်းဘောနှင့် မိုးမောက်မြို့နယ်များတွင် ဖြစ်ပွားတတ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က ပြောကြားသည်။

ထို့အပြင် မြန်မာမိန်းကလေးများက သဘောတူ၍ လိုက်သွားသည်ဖြစ်စေ၊ သဘောမတူဘဲ လိုက်သွားသည်ဖြစ်စေ လိုက်ပို့သည့် ပွဲစားများက မိန်းကလေးများကို တစ်ဘက်ကပေးသည့်ငွေ အပြည့်မပေးဘဲ ကြားမှဖြတ်တောက်ယူငင်နေကြောင်း၊ ရောင်းချခအဖြစ်လည်း ထိုပွဲစားများ ရရှိကြောင်း သိရသည်။

"ကချင်ပြည်နယ်က လူကုန်ကူးမှုဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် တရုတ်နိုင်ငံနဲ့ကနယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် တရုတ်နိုင်ငံကို ပုံစံအမျိုးမျိုးနဲ့ စည်းရုံးခေါ်ဆောင်ခံရပြီး ခေါင်းပုံဖြတ်လူကုန်ကူးမှုဖြစ်ပွားခဲ့ကြောင်း လေ့လာသုံးသပ်ရပါတယ်"ဟု ဝန်ကြီးကပြောသည်။

မြစ်ကြီးနားမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယခု စက်တင်ဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့သော လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားပွဲတွင် ဝန်ကြီးက ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုနှစ် ကချင်ပြည်နယ်တွင် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဖြစ်ပွားခဲ့သော လူကုန်ကူးမှုပေါင်း ၂၀ ရှိသည့်အနက်မှ လူကုန်ကူးခံရသူ ၂၈ ဦးအထဲမှ ၂၂ ဦးကို ကယ်တင်ထားနိုင်ခဲ့ပြီး၊ ကျန်လူကုန်ကူးခံရသူ ၆ ဦးကို အမြန်ဆုံး ကယ်တင်နိုင်ရန်လည်း ပြုလုပ်နေသည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ထိုလူကုန်ကူးမှုတွင် တရားခံ ၂၀ ဦးအနက်မှ ၁၀ ဦးကို ဖမ်းဆီးထားနိုင်ပြီဖြစ်ကာ ကျန်ထွက်ပြေးနေသည့်တရားခံ ၁၀ ဦးကို ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ထူးခြားမှုအနေနဲ့ ဒီ ၂၀၁၈ ခုနှစ်မှာ အငှားကိုယ်ဝန်ဆောင်တဲ့ လူကုန်ကူးမှုပြဿနာအသစ်ကိုလည်း တားဆီးနိုင်ခဲ့ပါတယ်"ဟု ဗိုလ်မှူးကြီးသူရမျိုးတင်က ပြောသည်။

ကချင်ပြည်နယ်၌ ယခုနှစ်အတွင်းဖြစ်ပွားခဲ့သော လူကုန်ကူးမှုပေါင်း ၂၀ မှုတွင် အငှားကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှု ၃ မှု ပါဝင်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ စာရင်းဇယားများကလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ခုနှစ် ဩဂုတ်လကုန်ထိ ဖြစ်ပွားခဲ့သောလူကုန်ကူးမှုမှာ အတင်းအဓမ္မလက်ထပ်ထိမ်းမြားခြင်း (Forced Marriage) က ၇၄ ဒသမ၃ရာခိုင်နှုန်း၊ အတင်းအဓမ္မခိုင်းစေခြင်း (Forced Labor)က ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ အတင်းအဓမ္မအငှားကိုယ်ဝန်ဆောင်ခြင်း (Forced Pregnancy) က သုညဒသမ ၉ ရာခိုင်နှုန်း၊ အတင်းအဓမ္မမွေးစားခြင်း (Forced Adoption) က သုညဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

ပြစ်မှုကျူးလွန်သူ အများစုသည် ငွေကြေးအခက်အခဲနှင့် အလုပ်အကိုင် လိုအပ်နေသူများ၊ ရိုးသားသည့် ကျေးလက်နေပြည်သူများကိုပစ်မှတ်ထားစည်းရုံးကာ ပြစ်မှုကျူးလွန်နေကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)
ကျော်သက်ဦး







## Movie View


**ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၄ - ၉ - ၂၀၁၈ မှ ၂၀ - ၉ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ နာရီ ၊ ည ၇ း ၁၅ နာရီ စသည့် ပွဲချိန်များတွင် - **Chusi (ချူဆီ)**

နိုင်ငံခြားရုပ်ရှင်ကို ညနေပိုင်း ၃ း ၃၀ နာရီ ပွဲချိန်တွင် -
**THE NUN**




| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မီးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း





| သဏ္ဍာန်မဲ့ကြယ်ကလေး |
|---|
| စာရေးသူ = ဒေးဗစ်မောင်မောင် |
| စာအုပ်တိုက် - ကောင်းဆုသာစာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |

LGBT ဝတ္ထုတိုများ စုစည်းမှုဆိုပြီးထွက်ရှိလာတဲ့ ဆရာဒေးဗစ်မောင်မောင်ရဲ့ စာအုပ်လေးဖြစ်ပါတယ်။ ဆရာဒေးဗစ်မောင်မောင် ကိုယ်တိုင်က သူ့ကိုယ်သူ Gay တစ်ယောက်ဖြစ်ကြောင်းဝန်ခံထားပြီး သူ့ဝတ္ထုများမှာလည်း LGBT များဖြစ်ကြောင်းဝန်ခံထားတဲ့ စာအုပ်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ယခုလို LGBT ဝတ္ထုစုစည်းမှုဆိုပြီး သီးသန့်တစ်ကိုယ်ထွက်ရှိတာမျိုး မတွေ့ဖူးသေးပါဘူး။ အခုနောက်ပိုင်း မြန်မာဝတ္ထုတိုများထဲမှာ အဲ ဒီလို လိင်တူချစ်သူ၊ ကြိုက်နှစ်သက်သူများအကြောင်းကို ရေးသားလာကြတာတွေတွေ့ရပါတယ်။ ဒါပေမယ့် ရေးသူတွေကတော့ လိင်တူကြိုက်နှစ်သက်သူ ဖြစ်ချင်မှဖြစ်မှာပါ။ အငှားခံစားမှုအနေနဲ့ ရေးကြတာများပါတယ်။ ဟိုအရင်က ဆရာမကြီးကြည်အေးကိုယ်တိုင်လည်း လိင်တူနှစ်သက်သူ အမျိုးသမီးတွေအကြောင်း "ကေဖွဲ့ဆိုသီ" ဝတ္ထုမှာ ရေးခဲ့ဖူးပါတယ်။ အခုစာအုပ်ကတော့ ရေးသူကော၊ ဝတ္ထုကော အားလုံးဟာ LGBT ပဲမို့ထူးခြားတဲ့စာအုပ်တစ်အုပ်လို့ ညွှန်းချင်ပါတယ်။

မိပုတ်သည် ကိုယ့်ထင်မြင်ချက်ကိုကိုယ်တိုင်လက်မခံချင်သလိုဖြစ်ကာ အို . . မဖြစ်နိုင်ပါဘူးဆိုပြီး ခေါင်းကို ခါယမ်းနေမိရင်းကပဲ ဖြစ်နိုင်ချေရှိသည့် တွေးစရာတွေက ခေါင်းထဲ တရေးရေး ပေါ်လာသောကြောင့် 'အို တကယ်များဟုတ်နေပြီလား'ဆိုပြီး မဖြစ်နိုင်ပါဘူးလို့တွေးခဲ့သည့် အတွေးအတွက် ခေါင်းကို ထပ်ဆင့်ယမ်းနေမိပြန်သည်။

အဖေဟာ တကယ်ပဲလားကွယ်။ မိပုတ်ဘဝမှာ ရေချိုးသည်ကို လွတ်လွတ်ကင်းကင်းမမြင်ဖူးသေး။ အဖေ၏ ခန္ဓာကိုယ်ကိုမိပုတ် သေချာမမြင်ဖူးသေး။ ပြီးတော့ အရှေ့ဘက်အိမ်က အဘကျန်းတို့ တောင်ဘက် အိမ်က အရီးဝင်းမောင်တို့၊ အနောက်ဘက်အိမ်က အရီးစံလူတို့ဆို ရေချိုးလျှင် အိမ်ရှေ့မှာသာ ချိုးကြသည်။ အဖေကျတော့ ဘာကြောင့် အိမ်နောက်ဖေးမှာပဲ အမြဲချိုးတာလဲ။ အဘကျန်းတို့ဆိုပူအိုက်သည့်ရာသီမှာ ကိုယ် အပေါ်ပိုင်းဗလာနဲ့နေကြပေမယ့် အဖေကတော့ တစ်ခါမှ ဘာကြောင့်မနေရတာလဲ။ အဖေ၏ကိုယ်အပေါ်ပိုင်း ဗလာနှင့်နေသည်ကို မိပုတ်တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးပါ။ ရေချိုးသည့်နေရာကိုလည်း အိမ်ရှေ့မှာ ဘာကြောင့်မထားရတာလဲ။ တချို့အိမ်တွေမှာ ပုဆိုးကို အိမ်ရှေ့တွင် လှော်ကြပါလျက်နဲ့ အဖေကတော့ ဘာလို့အိမ်နောက်ဖေးမှာပဲ အမြဲလှော်ရတာလဲ။

ဟင် . . ဒါဖြင့် အဖေဟာ အမျိုးသမီးတစ်ယောက်များလား။ (စာ - ၁၈၀ မှ)




| အရူးအမူး |
|---|
| စာရေးသူ = စိန်ဝင်းစိန် |
| စာအုပ်တိုက် = လွန်းလွန်းခင်စာပေတိုက် |
| တန်ဖိုး = ၄၅၀၀ ကျပ် |

Ha Jin ၏ The Crazed ကို ဆရာစိန်ဝင်းစိန်က အရူးအမူး အမည်ဖြင့် ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ ယခုစာအုပ်ကိုပဲ ဆရာတင်မောင်မြင့်ကလည်းဘာသာပြန်ထားပါသေးသည်။ ဆရာတင်မောင်မြင့်၏ ဘာသာပြန်လက်ရာ ဆရာစိန်ဝင်းစိန်၏ ဘာသာပြန်လက်ရာတို့ကို ဖတ်ရှုရင်းဟာဂျင်း၏ မူရင်းအရေးအသားကို တီးခေါက်မိနိုင်မည်ဟု ထင်ပါသည်။ ဟာဂျင်း၏ လက်ရာအများစုကို ဆရာတင်မောင်မြင့်ကဘာသာပြန် ဆိုခဲ့ဖူးပါသည်။ Waiting ကို မျှော်၊ In the pond ကို ကန်သာရေရိပ်မှာ စသည်ဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

ဆရာစိန်ဝင်းစိန်က ယခုစာအုပ်နှင့်ပတ်သက်၍ အမှာစာတွင် ကွန်မြူနစ်တရုတ်ပြည်တွင် ပညာရှင်များ အရေးမပါချောင်ထိုးထားခြင်းခံရပုံကို ထျန်အန်မင် အရေးအခင်းနှင့် စရနယ်ကာ ဤစာအုပ်တွင် ဖော်ကျူးထားကြောင်း ရေးသားထားပါသည်။

"ကျွန်တော်သူ့ကိုနှိုးသင့်ပါသလား။ သူ့ပုံစံမှာ ရယ်ဖွယ်ကောင်းနေသော်လည်း ပျော်ရွှင်နေပုံတော့ရသည်။ ကျပ်မပြည့်သူ တစ်ယောက်လို သူ ပြုံးဖြဲဖြဲလုပ်ပြီး နှုတ်ခမ်းပေါ်မှ အမြုပ်များကိုလျှာဖြင့်လျက်၍ သိမ်းလိုက်၏။ စိတ်အာရုံ ချောက်ချားမှုတွင် သူ ခေတ္တခဏမျှ မွေ့လျော်နေပါစေတော့ဟု ကျွန်တော်ဆုံးဖြတ်လိုက်ပြီး ကြိမ်ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ ယခု သူ အနည်းငယ် ငြိမ်သက်သွားပြီဖြစ်သော်လည်း သီချင်းအလိုက်ကိုနှာခေါင်းသံဖြင့်ညည်းနေဆဲ။ လွန်ခဲ့သော် နှစ်ပေါင်းနှစ်ဆယ်ခန့်က ကျွန်တော့်ထက် အသက် ငါးနှစ်၊ ခြောက်နှစ်ခန့်ကြီးသည့် တပ်နီတော်သားလေးများအရှေ့မြောက်ပိုင်းရှိ ကျွန်တော့်ဇာတိမြို့မှ စားသောက်ဆိုင်များ၊ ဘတ်စ်ကားမှတ်တိုင်များ၊ တည်းခိုခန်းများ၊ ကုန်တိုက်ကြီးများနှင့် ဘူတာရုံတွင် ဤသီချင်းကို သီဆိုရင်းသူတို့ခုန်ပေါက်မြူးတူးကြ၊ ရှိုးတိုးရှန့်တန့် လမ်းလျှောက်ကြ၊ လက်သီးလက်မောင်းတန်းကြ။ သူတို့ဖနောင့်ဆောင့်ကြသည်။ ခြေထောက်များလွှဲယမ်းကြသည်။ ခါးများကိုင်းကြသည်။ ကျွန်တော်က အသက်ငယ်သေးသဖြင့် သူတို့အထဲ မပါဝင်နိုင်သော်လည်း သူတို့ကို အားကျစိတ်ဖြင့် ကျွန်တော် ကြည့်ရှုနေခဲ့သည်။ အခုပြန်တွေးကြည့်တော့ သူတို့ပုံစံက လက်ပတ်နီတွေ ပတ်ထားတဲ့ ထိန်းမနိုင်သိမ်းမရဖားတွေလိုပဲ။ ဥက္ကဋ္ဌကြီးမော်အတွက် အသက်စွန့်ရမည်ဆိုလျှင် နှစ်ခါပြန်မစဉ်းစားဘဲစွန့်ကြမည့်လူငယ်တွေ။ (စာ-၂၇ မှ)

## ကဗျာကဏ္ဍ

### မီးပုံပွဲ

လူတွေက
ခေါင်းရည်အရှိန်နဲ့ က'တယ်။

မီးတောက်တွေက
ထင်းအရှိန်နဲ့ က'တယ်။

တစ်ယောက်လက်ကို
တစ်ယောက်တွဲပြီး သီဆိုတဲ့အခါ
သီချင်းလေးဟာ စက်ဝိုင်းပုံ။

မီးအလင်းရောင်ဟာ
နှလုံးသားထဲထိလင်းတယ်။

မီးအလင်းရောင်ကြောင့်
အမှောင်တွေဟာ နောက်ဆုတ်ကြရ။

နှလုံးသားအလင်းရောင်ကြောင့်
မပျော်ရွှင်မှုတွေဟာ နောက်ဆုတ်ကြရ။

အလယ်ကမီးပုံထဲ ထည့်ထားတာဟာ
ထင်းတွေမဟုတ်ဘဲ စစ်ပွဲတွေဖြစ်ရင်
သောက်ထားတဲ့ ခေါင်းရည်ဟာ
ငြိမ်းချမ်းရေးခေါင်းရည်ဖြစ်ရင်
ဝိုင်းပတ်ကနေတဲ့ညီအစ်ကိုမောင်နှမတွေဟာ
တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဖြစ်ရင်
ဘယ်လောက်ကောင်းလိမ့်မလဲ။ ။

စိုးနောင် (မုံရွာ)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊အင်ဂျန်ဒုံရပ်ကွက်၊ အ.ထ.က(၆)ဒဿမတန်း(င)တွင် တက်ရောက်နေသော မောင်ဒါဝိဒ်၏ဖခင်အမည်မှာ ဦးလင်းဟုန် နှင့် ဦး အင်ဒိန်ဂမ်အောင် ဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးလင်းဟုန်(ခ) ဦး အင်ဒိန်ဂမ်အောင်
(၁/မကန(နိုင်)၂၂၈၂၉၆)

» စာ - ၁၁ မှ

**တာလဲရှင့်။**

Wana - ခေမာသီရိ ရပ်ကွက်မှာ နေခဲ့တာပါ။

**MKN - နောက်ဆုံးအနေနဲ့ ကချင်ပြည်နယ်က ကိုဝနကို ချစ်တဲ့ ပရိသတ်တွေကို စကားတစ်ခုခုပါး ပေးပါဦးရှင့်။**

Wana - ကချင်ပြည်နယ်ကမှ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီတစ်နိုင်ငံလုံးမှာရှိတဲ့ ကျွန်တော့်ရဲ့ ပရိသတ်တွေအားလုံးအတွက်ပေါ့နော်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေ ဘယ်တော့မှ သိက္ခာမကျစေရပါဘူးလို့။

**MKN - အခုလို ဖြေကြားပေးတဲ့အတွက်မြစ်ကြီးနားသတင်းဂျာနယ်က ကိုဝနကို ကျေးဇူးတင်ပါတယ်။**

Interviewer - ရွှေဖူးခင်
(Freelance)

# ပူတာအိုဒေသတွင် ရေကြီးခဲ့၍ အသက်၊ အိုးအိမ်၊စည်းစိမ်များဆုံးရှုံးသွားသည့် ဒေသခံပြည်သူများ၏ ပြောစကားများ

ဂျူး(ပူတာအို) မေးမြန်းသည်။



**ဒေါ်ငွါးမာတား (အထက်ရှန်ဂေါင်ကျေးရွာ)**

ကျွန်မတို့ရဲ့ အိမ်က အကုန်ပါသွားပြီ တစ်ခုမှ မကျန်တော့ဘူး။ ဒါကြောင့် အခုလည်း ဆွေမျိုးအိမ်မှာပဲ မှီခိုပြီးနေနေရတယ်၊ စားစရာလည်းမရှိတော့ဘူး။ အဖိုးတန်ပစ္စည်းက စိုက်ထားတဲ့ ယမနေပင်၊ ကြက် ၁၀ ကောင်၊ စိုက်ခင်းလုပ်ထားတဲ့ဟာတွေလည်း ရေထဲပါသွားပြီ။ မိသားစုက ၆ ယောက်ရှိတယ်၊ ဝမ်းစာအတွက် စားသောက်ဖို့ ဒီနှစ်အတွက်ဆိုရင် အရမ်းစိုးရိမ်နေရပါတယ်။



**ဦးအားမူဆာ ( ဝါးဆားရ်ကျေးရွာ အုပ်ချုပ်ရေးမှူး)**

၈ ရက်နေ့ကနေစပြီး ရေဝင်လာတယ်။ ထပြီး ရွာသူ/သားတွေကို ရေတက်လာပြီ သတိထားကြဆိုပြီ အော်ပြီး သတိပေးတော့ အားလုံးထလာကြတယ်။ တချို့အိမ်ဆိုရင် ကျွဲ၊ နွား၊ ဝက်၊ ကြက်စတဲ့ အိမ်မွေးတိရိစ္ဆာန်တွေ ဆုံးရှုံးသွားတယ်၊ သက်ဆိုင်ရာတွေလည်း လာမကြည့်သေးဘူး။ ကျွန်တော်တို့ရွာမှာ ရှိတဲ့ ကျောင်းသား/သူတွေ ရေကြီးတော့ ကျောင်းမသွားနိုင်ဘူး၊ လမ်းကလည်း အရမ်းနိမ့်တော့ ရေက နှစ်တိုင်းလိုလို တက်တယ်။ ဒါပေမယ့် ခါတိုင်းနှစ်က ဒီလောက်မဆိုးဘူး ဒီနှစ်ကတော်တော်လေးတက်တော့ အများကြီး ဒုက္ခရောက်ကြတယ်။



**ဦးဖရန်ဂန်ရင် (အထက်ရှန်ဂေါင်ကျေးရွာ)**

ကျွန်တော်ရဲ့လယ်က ၁.၄ ဧက လောက်ရှိတယ်။ အဲဒီထဲမှာ ၁ ဧကလောက်က အကုန်ပျက်စီးသွားပြီ။ ကျန်တဲ့ဧကကလည်း သစ်ပင်ကြီးတွေဖုံးဖိထားတယ်။ သဲကျောက်တွေ ပြည့်ကုန်ပြီဆိုတော့ လုပ်ကိုင်စားသောက်လို့ မရတော့ဘူး။ဒီလိုလယ်တစ်ကွက်ရဖို့ဆိုတာ သိန်း ၃၀ လောက်ကုန်မှရတယ်။ ဝမ်းစာအတွက်ဒါကိုပဲ မှီခိုနေရတဲ့ သဘောမှာရှိတယ်။ ဒါကြောင့် အများကြီး စိုးရိမ်နေရပါတယ်။



**ဦးမဘုဖုန် (အထက်ရှန်ဂေါင်ကျေးရွာ)**

ကျွန်တော်တို့ မိသားစုဆိုရင် ဝက်၊ ကြက်၊ စပါးပုံ(၂၀)ပုံ၊ ပြီးတော့ စိုက်ခင်းတွေလည်းပါသွားတယ်။ ကျန်းမာရေးကမကောင်းဘူး။ လုပ်ကိုင်စားသောက်ရတာ အရမ်းခက်ခဲနေတဲ့အထဲမှာ ဒီလို ရေကြီးတာပြန်ဖြစ်သွားတော့ ဒီနှစ်ဆိုရင် ဘယ်လိုရှေ့ဆက်ရမလဲ မသိတော့ဘူး။ ။

**မနင်တန် (အထက်ရှန်ဂေါင်ကျေးရွာ)**

ကျွန်မတို့ တောင်ပေါ်ဒေသမှာဆိုရင် ကြီးကြီးမားမား လုပ်ကိုင်စားသောက်တာလည်း မရှိဘူး။ တစ်နိုင်တပိုင်နဲ့ လုပ်ကိုင်စားသောက်ရတယ်။ အခု အိမ်လည်းရေကြီးတဲ့ထဲ ပါသွားပြီ။ လယ်ယာတွေလည်း အကုန်ပျက်ဆီးသွားပြီဆိုတော့ အဖေဆိုရင် စိတ်မကောင်းလွန်းလို့ ထမင်းတောင်မစားတော့ဘူး။ ဒီနှစ် စားရေးသောက်ရေးအတွက် အရမ်းစိတ်ပူပြီး စိုးရိမ်နေရတယ်။ အိမ်မှာမွေးတဲ့ ဝက်တွေ ကြက်တွေရောပါသွားတယ်။ ဒီလိုအိမ်တစ်လုံးပြန်ဆောက်ဖို့ နှစ်နဲ့ချီပြီး ဆောက်ရတယ်။ ဒီလိုခက်ခဲနေတဲ့အချိန် အစိုးရအဖွဲ့တွေလည်း လာရောက်အားပေးစေချင်တယ်။ ဘယ်သူမှလည်းမလာဘူး။

**ဒေါ်ညီးဆာနီ (မန်စေကျေးရွာအုပ်စု)**

ကျွန်မတို့ရဲ့အိမ်က ဘာမှကိုမကျန်တော့ဘူး။ အကုန်ပါသွားတယ်။ စပါးပုံ ၁၀၀ ၊ ပြီးတော့ အိမ်ဆောက်မယ်ဆိုပြီး ဝယ်ထားတဲ့ပျဉ်အိမ်တစ်အိမ်စာ အကုန်ပါသွားပြီ။ ဝက် ၂ကောင် ကြက်က အကောင် ၂၀ လောက်ရှိမယ်။ လယ်တွေ စိုက်ခင်းတွေလည်း အကုန်လုံး ပါသွားတယ်။ နောက်နှစ်အတွက် လှောင်ထားတဲ့ဟာတွေ မရှိတော့ဘူးဆိုတော့ ဘာစားပြီး၊ စားရေးသောက်ရေးအတွက် ဘယ်လိုဖြေရှင်းရမလဲဆိုပြီး စိတ်ပူနေရတယ်။ အခုလည်း စားစရာတောင်မရှိတော့ဘူး။မိသားစုက ၇ ယောက်ရှိတော့ အရမ်းစိတ်ညစ်တယ်။ ဘာစားကြမလဲ။

---

# ယခုဘဏ္ဍာနှစ်အတွက် ဆိုင်ခန်းခများ ထပ်တိုးတောင်းခံမှုနှင့် ပတ်သက်ပြီး စည်ပင်ပြော

မြစ်ကြီးနား၊ စက်တင်ဘာ ၁၃

မြစ်ကြီးနားမြို့တွင်း ရပ်ကွက်များတွင် ယခုဘဏ္ဍာနှစ်မှစပြီး အခွန်တိုးမြှင့်ကောက်ခံသည့်အပေါ် ပြည်သူများအနေဖြင့် သတ်မှတ်နှုန်းထားအတိုင်း ထည့်ဝင်ပေးကြရန် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့၊ သန့်ရှင်းရေးဌာနစိပ်မှ ဒုတိယဦးစီးမှူး ဦးအောင်နေစိုးက ပြောသည်။

မြို့စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာရှိသော စားသောက်ဆိုင်ခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းဆိုင်များကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အခွန်ကောက်ခံမှုများ စည်းကြပ်ကောက်ခံရန် စည်ပင်သာယာရေးဥပဒေတွင်ပါရှိသည့်အတိုင်း ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

“မြို့နယ်စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို အခွန်အခကောက်မှပဲ ရမှာဖြစ်တယ်။ ရရှိလာတဲ့ငွေတွေကိုလည်း မြို့နယ်အတွင်းလိုအပ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ သန့်ရှင်းရေးလုပ်အားခ အစရှိတဲ့လုပ်ငန်းတွေကိုလုပ်ဆောင်ပြီးတော့ စည်ပင်ဝန်ထမ်းတွေကို လစာပေးတာလည်း ပါပါတယ်”ဟုဒုတိယဦးစီးမှူး ဦးအောင်နေစိုးက ပြောသည်။

မြို့ပေါ်ရပ်ကွက်ရှိ ဆိုင်များကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် အခွန်မည်မျှကောက်ခံမည်ဆိုသည့် ဆုံးဖြတ်ချက်ကို တိုင်ပင်ဆွေးနွေးဆဲဖြစ်ကြောင်း၊ ရရှိလာသည့်အဖြေပေါ် မူတည်ပြီး ပြည်နယ်အစိုးရကိုတင်ပြကာ ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်အခများ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ခန်းများပေါ် မူတည်ပြီး ယခင်ဘဏ္ဍာရေးနှစ်တွင် အနည်းဆုံးကျပ် တစ်သောင်းမှ စတင်ကောက်ခံမှုများ ရှိခဲ့သော်လည်း ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် တစ်နှစ်အနည်းဆုံးကျပ်သုံးသောင်းမှ ကျပ်နှစ်သိန်းအထိ ကောက်ခံကြောင်း သိရသည်။

“အခွန်မရှိဘူးဆိုရင် မြို့ဖွံ့ဖြိုးသာယာလှပဖို့အတွက် ဘယ်လိုမှ မလုပ်ဆောင်နိုင်ပါဘူး။ မြစ်ကြီးနားမြို့ပေါ်ကရတဲ့ အခွန်တွေကို မြစ်ကြီးနားမြို့အတွက်ပဲသုံးတာဖြစ်ပါတယ်။ မြစ်ကြီးနားမြို့ ပေါ်ရပ်ကွက် ၂၈ ရပ်ကွက်ထဲမှာ ရွှေပြည်သာနဲ့ ရွှေအိုက်ရပ်ကွက်ကလွဲရင် ကျန်ရပ်ကွက်မှာရှိတဲ့ ဆိုင်တိုင်းကို အခွန်ကောက်ပါတယ်”ဟု ဒုတိယဦးစီးမှူး ဦးအောင်နေစိုးက ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့အတွင်းသာမက အခြားသောမြို့နယ် ၁၈ မြို့နယ်များတွင်လည်း ၎င်းတို့မြို့အလိုက် မြို့သာယာလှပရေးအတွက် ကောက်ခံမှုများရှိကြောင်းသိရသည်။

မွန်းမွန်းပန်

# တရုတ်ပြည်တွင်း အလုပ်လျှောက်ထားလိုသော နယ်စပ်နေပြည်ပလုပ်သားများ လျှောက်ထားနိုင်သည့်နယ်ပယ်၊ သတ်မှတ်ချက်နှင့် လုပ်ထုံးလုပ်နည်းများ







(၁) လျှောက်ထားရမည့်နယ်ပယ်။

"တက်ဟုန်းပြည်နယ်ခွဲ နယ်စပ်နေ ပြည်ပလုပ်သားများ ပြည်ဝင်ခွင့် လူဝင်မှုကြီးကြပ်ရေး ယာယီဆောင်ရွက်ချက်များ"အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အတည်တကျ နေထိုင်ခွင့်မရသေးသော နယ်စပ်နေ ပြည်ပလုပ်သားများသည် တရားဝင် ပြည်ဝင်ခွင့်လက်မှတ်ဖြင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်နိုင်ပြီး တက်ဟုန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးဇုန်ဒေသတွင်းသို့ ဥပဒေနှင့်အညီ လူမှုလုပ်ငန်းများတွင် လစာခံစားခွင့်ရရှိသော နယ်စပ်နေပြည်သူများ အောက်ပါလုပ်ထုံးလုပ်နည်းများအတိုင်း လျှောက်ထားနိုင်ပါသည်။

(၂)လျှောက်ထားရန် လိုအပ်သည့်သတ်မှတ်ချက်များ

နယ်စပ်နေ ပြည်ပလုပ်သားများသည် တက်ဟုန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးဇုန်ဒေသအတွင်း၌ အလုပ်လုပ်ကိုင်လိုပါက အောက်ပါအချက်အလက်များ ပြည့်စုံပါဝင်ရမည်ဖြစ်ပါသည်။

၁။ အသက်(၁၆)နှစ်ပြည့်ပြီးသူဖြစ်ပြီးကျန်းမာသန်စွမ်းသူဖြစ်ရမည်။(တရုတ်ပြည်တွင်းသို့လာရောက်လုပ်ကိုင်သူပြည်ပလုပ်သားတိုင်းသည် နှစ်စဉ်ကူးစက်ရောဂါစစ်ဆေးရေးဌာနမှထုတ်ပေးသော ကျန်းမာရေးထောက်ခံချက် လက်မှတ်ကို ရယူထားရမည်ဖြစ်ပြီး အစားအသောက်လုပ်ငန်းလုပ်ကိုင်သူများသည် ကျန်းမာရေးစီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ပေးသော အစားအသောက်လုပ်ငန်းခွင့်ပြုသည့် လုပ်ငန်းလိုင်စင်လက်မှတ်ကို ရရှိထားရမည်ဖြစ်သည်။
၂။ လုပ်ကိုင်မည့်လုပ်ငန်းများအတွက် လိုအပ်သောအတတ်ပညာများတွင် ကျွမ်းကျင်မှုရှိရမည်ဖြစ်သည်။
၃။ တရုတ်ပြည်တွင်းတွင် ပြစ်မှုကျူးလွန်မှုမှတ်တမ်း မရှိရပါ။
၄။ တရားဝင် နိုင်ငံကူးလက်မှတ် သို့မဟုတ် ခိုင်လုံသော သက်သေအထောက်အထား မှတ်ပုံတင်၊ နယ်စပ်ပြည်ဝင်ပြည်ထွက်လက်မှတ်၊ အလုပ်သမား မှတ်ပုံတင်လက်မှတ်၊ နေထိုင်ခွင့်လက်မှတ်နှင့် အလုပ်အကိုင် လိုအပ်သောစာရွက်စာတမ်းများ ပါရှိရမည်ဖြစ်သည်။
၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

(၃)လျှောက်ထားပုံ လုပ်ထုံးလုပ်နည်းများ

၁။ ကျေးလက်ဒေသများတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ပြည်ပလုပ်သားများကို ငှားရမ်းခန့်အပ်သူမှ သက်ဆိုင်ရာ ကျေးလက်ဒေသအဖွဲ့သို့ ငှားရမ်းသူဦးရေ၊ အမည်၊ ကျား/မ၊ ငှားရမ်းကာလ စသည့် အခြေခံအကြောင်းအရာ အချက်အလက်များကို တင်ပြရမည်ဖြစ်ပြီး သက်ဆိုင်ရာကျေးလက်ဒေသအဖွဲ့မှ အုပ်ချုပ်ရေးဇုန် ဒေသန္တရရဲတပ်ဖွဲ့ဌာနသို့ မှတ်ပုံတင်ပြီးနောက် ယာယီနေထိုင်ခွင့်လက်မှတ်ကို ပြုလုပ်ပေးမည်ဖြစ်သည်။
၂။ မြို့ပြနှင့်ခရိုင်ဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်သော နယ်စပ်နေ ပြည်ပလုပ်သားများသည် ပြည်ဝင်ရောက်သည့်နေ့မှ (၁၅) ရက်အတွင်း တရားဝင် နိုင်ငံကူးလက်မှတ် သို့မဟုတ် ခိုင်လုံသော မှတ်ပုံတင် အထောက်အထား၊ နယ်စပ်ပြည်ဝင်ပြည်ထွက်လက်မှတ်ဖြင့် ကူးစက်ရောဂါစစ်ဆေးရေးဌာန၊ ကျန်းမာရေးစီမံခန့်ခွဲမှုဌာနများတွင် ကျန်းမာရေး စစ်ဆေးခြင်းများ ပြုလုပ်၍ ကျန်းမာရေး ထောက်ခံချက် လက်မှတ်ကို လျှောက်ထား ရယူရမည်ဖြစ်ပါသည်။ ပြည်ဝင်ပြီးနောက် ရက်ပေါင်း(၃၀)အတွင်း တရားဝင်နိုင်ငံကူး လက်မှတ်၊ သို့မဟုတ် ခိုင်လုံသောမှတ်ပုံတင်အထောက်အထား၊ နယ်စပ် ပြည်ဝင်ပြည်ထွက်လက်မှတ်၊ ကျန်းမာရေးထောက်ခံချက်လက်မှတ်များ ယူဆောင်၍ ဒေသန္တရ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုလုံခြုံရေးဌာနသို့ အလုပ်သမားမှတ်ပုံတင်လက်မှတ်ကို လျှောက်ထား ရယူရမည် ဖြစ်ပါသည်။ ပြည်ဝင်ပြီးနောက် ရက်ပေါင်း(၃၀)အတွင်း တရားဝင်နိုင်ငံကူးလက်မှတ်၊ ခိုင်လုံသော မှတ်ပုံတင်အထောက်အထား၊ နယ်စပ်ပြည်ဝင် ပြည်ထွက်လက်မှတ်၊ ကျန်းမာရေးထောက်ခံချက်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်များဖြင့် ပြည်နယ်ခွဲ၊ ရဲတပ်ဖွဲ့ဌာနတွင် ပြည်တွင်းနေထိုင်ခွင့်လက်မှတ်ကို လျှောက်ထားရမည်ဖြစ်ပါသည်။ တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်သူများသည် ပြည်နယ်ခွဲ ရဲတပ်ဖွဲ့ဌာနတွင် ဗီဇာသို့မဟုတ် နေထိုင်ခွင့်လက်မှတ် လျှောက်ထားရမည်ဖြစ်ပြီး "မြန်မာ-တရုတ်နယ်စပ်ဒေသ ဝင်ထွက်သွားလာခွင့်လက်မှတ်"ရှိသူများသည် သက်ဆိုင်ရာ ခရိုင်/မြို့နယ် ရဲစခန်းများတွင် "ယူနန်ပြည်နယ် နယ်စပ်နေပြည်သူများ ယာယီနေထိုင်ခွင့် လက်မှတ်"ကို ရယူလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းခန့်အပ်သည့်ဌာန(စီးပွားရေးအဖွဲ့အစည်းနှင့်ကိုယ်ပိုင်လုပ်ငန်းများ)မှ နယ်စပ်နေပြည်ပလုပ်သားများ ခန့်အပ်လိုလျှင်လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုလုံခြုံရေးဌာနတွင် "အလုပ်သမားခန့်အပ်ခြင်းမှတ်ပုံတင်" လက်မှတ်ကို လျှောက်ထားရမည်ဖြစ်ပြီး လုပ်ငန်းခန့်အပ်ခံရသော ပြည်ပလုပ်သားများသည် ပြည်ဝင်ပြီး(၁၅)ရက်အကြာတွင် "အလုပ်သမားခန့်အပ်ခြင်း မှတ်ပုံတင်"နှင့် ပြည်ပလုပ်သားနှင့် ချုပ်ဆိုထားသော အလုပ်သမားရေးရာ သဘောတူညီချက်စာချုပ်၊ တရားဝင်နိုင်ငံကူးလက်မှတ် သို့မဟုတ် ခိုင်လုံသော မှတ်ပုံတင်အထောက်အထားများဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့်လူမှုလုံခြုံရေးဌာနတွင် "အလုပ်သမား မှတ်ပုံတင်လက်မှတ်"ပြုလုပ်ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာထောက်ခံချက် လက်မှတ်အထောက်အထားများ လျှောက်ထားရယူပြီးနောက် အလုပ်ခန့်အပ်ခြင်းခံရသော ပြည်ပလုပ်သားများသည် သက်ဆိုင်ရာထောက်ခံချက်များ ကိုင်ဆောင်ကာ ရဲတပ်ဖွဲ့ဌာနတွင် နေထိုင်ခွင့်လက်မှတ် သွားရောက်လျှောက်ထားခြင်းများ ပြုလုပ်ရမည် ဖြစ်ပါသည်။

၄။ တရုတ်ပြည်တွင်းသို့ ကိုယ်ပိုင်စီးပွားရေး လာရောက်လုပ်ကိုင်သော နယ်စပ်နေ ပြည်ပနိုင်ငံသားများသည် "ကျန်းမာရေး ထောက်ခံချက်လက်မှတ်"၊ "အလုပ်သမားမှတ်ပုံတင် လက်မှတ်"၊ နေထိုင်ခွင့်လက်မှတ် စသည့် သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ်များအပြင် ဒေသန္တရစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး စီမံခန့်ခွဲမှုဌာန၊ အကောက်ခွန်ဌာနများတွင် "လုပ်ငန်းလိုင်စင်မှတ်ပုံတင်"နှင့် "အခွန်စည်းကြပ်မှတ်ပုံတင် လက်မှတ်" စသည်တို့ကို လျှောက်ထားရမည်ဖြစ်ပါသည်။ "ကျန်းမာရေးထောက်ခံချက်လက်မှတ်""အလုပ်သမားမှတ်ပုံတင်လက်မှတ်"၊ "အလုပ်သမားခန့်အပ်ခြင်းမှတ်ပုံတင်လက်မှတ်"နှင့် "နိုင်ငံခြားသားနေထိုင်ခွင့်"လက်မှတ်များသည်(၁)နှစ်သက်တမ်းဖြစ်ပြီး"ယူနန်ပြည်နယ် နယ်စပ်နေပြည်ပလုပ်သား ယာယီနေထိုင်ခွင့်လက်မှတ်"သည် (၃)လမှ (၁)နှစ်သက်တမ်း ဖြစ်ပါသည်။ သက်တမ်းကုန်ဆုံး၍ တက်ဟုန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးဇုန်နယ်ပယ်အတွင်း ဆက်လက် လုပ်ကိုင် နေထိုင်လိုပါက ထောက်ခံချက်လက်မှတ်ထုတ်ပေးသော ရုံးဌာနတွင်(၁)လကြိုတင်၍ မူလလျှောက်ထားခဲ့သည့် ထောက်ခံချက်လက်မှတ်များဖြင့် သက်တမ်းတိုး လျှောက်ထားရမည်ဖြစ်ပါသည်။ သက်တမ်းတိုး လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းသည် ကနဦးလျှောက်ထားချက်အတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သက်တမ်းကျော်လွန်ပြီး လျှောက်ထားသူများအား ဆက်လက်သက်တမ်းတိုးပေးမည် မဟုတ်ပါ။ ထောက်ခံချက် လက်မှတ်များအားလုံး အလိုအလျောက် ပျက်ပြယ်သွားမည် ဖြစ်ပါသည်။

နှေးထွေးစွာ အသိပေးအကြောင်းကြားခြင်း။

မျက်မှောက်ကာလတွင် ရွှေလီမြို့၊ လုံချွမ်းခရိုင်၊ ရင်ကျန်းခရိုင်အသီးသီးတို့တွင် "ပြည်ပနိုင်ငံခြားသား ဝင်ရောက်မှု ဝန်ဆောင်စီမံခန့်ခွဲရေးစင်တာ" ဖွင့်လှစ်ထားရှိပြီး အဆိုပါစင်တာတွင် ရဲတပ်ဖွဲ့ဌာန၊ ကျန်းမာရေးဌာန၊ လူမှုရေးဌာန၊ ကူးစက်ရောဂါစစ်ဆေးရေးဌာန၊ တရားစီရင်ရေးဌာနစသည့် ဌာနများပါဝင်ပြီး ကျန်းမာရေးစစ်ဆေးမှု၊ ယာယီအလုပ်လုပ်ကိုင်ခွင့်လက်မှတ် ဥပဒေစည်းမျဉ်း စည်းကမ်း၊ ကျန်းမာရေးဗဟုသုတ၊ အလုပ်ရှာဖွေရေးလမ်းညွှန် စသည်ဝန်ဆောင်မှုများဖြင့် ခရိုင်မြို့နယ်အတွင်းလာရောက် စီးပွားရေးလုပ်ကိုင်သူများ၊ လုပ်သားများ၊ အလုပ်အကိုင်ရှာဖွေသူများ၊ ပညာသင်ကြားသူများ၊ ဆေးဝါးကုသသူများဖြစ်သော ပြည်ပနိုင်ငံသားများကို တစ်နေရာတည်းတွင် One Stop Service ဖြင့် ဝန်ဆောင်မှုများ ပေးအပ်ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ပြည်ပနိုင်ငံခြားသားများ၊ အလုပ်ခန့်အပ်လိုသည့် ဌာနများသည် ခရိုင်မြို့နယ်အတွင်းရှိ "ပြည်ပနိုင်ငံခြားသားဝင်ရောက်မှု ဝန်ဆောင်စီမံခန့်ခွဲရေးစင်တာ"များတွင် သက်ဆိုင်ရာ ထောက်ခံချက် လက်မှတ်များ လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

**ပေါက်ဖော် မြန်မာသတင်းစာ**

# အရောင်းအဝယ် မရှိသလောက်နီးပါး ပျက်စီးသွားတဲ့ ကျောက်စိမ်းဈေးကွက်



"တစ်နေကုန်လို့ လာမေးတဲ့လူ တစ်ယောက်မှမရှိတဲ့ရက်တွေ များလာတယ်။ အရင်ကဆို လက်လီရော၊ လက်ကားရော ရောင်းရတယ်။ အခါကြီးရက်ကြီးတွေမှာဆို လက်မလည်အောင် ရောင်းရတယ်။ ဆိုင်ဖွင့်တဲ့အချိန်ကနေ ဆိုင်ပိတ်တဲ့အချိန်ထိ မနားမနေ ဆက်တိုက် ရောင်းခဲ့ရတယ်။ အခုချိန်မှာတော့ လုံးဝကိုမရောင်းရတော့ဘူး"ဟု တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့က ကျောက်စိမ်းအချောထည်နဲ့ ကျောက်မျက်ရတနာ အရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသွားတာပါ။

ကျောက်စိမ်းဈေးကွက်က ဒီနှစ်ထဲမှာ တစ်စတစ်စ ကျဆင်းလာရာကနေ ပြန်လည်ဦးမော့မလာတော့တာကြောင့် ကျောက်စိမ်းအရောင်းအဝယ်ကို မှီခိုအားထားနေရတဲ့ ကချင်ပြည်နယ်သားတွေနဲ့ မြန်မာနိုင်ငံဒေသအနှံ့အပြားက ရောက်နေတဲ့ ဖားကန့်က ကျောက်သမား သုံးသိန်းကျော်တို့ရဲ့ စီးပွားရေးကို သိသိသာသာ ထိခိုက်နေစေပါတယ်။

အခုလို ကျောက်စိမ်းဈေးကွက် ကျဆင်းနေရတာဟာ တစ်ကမ္ဘာလုံးက စီးပွားရေးမကောင်းသလို တရုတ်နိုင်ငံအစိုးရရဲ့ စီးပွားရေးကျဆင်းနေတာနဲ့လည်း အများကြီး သက်ဆိုင်တယ်လို့ ကွမ်ကျိုးမြို့က ကျောက်ကုန်သည် ပွဲစားအများစုက ပြောဆိုနေကြပါတယ်။ ဒီနှစ်ထဲမှာ အဆိုးရွားဆုံးဖြစ်တယ်လို့လည်း ကျောက်မျက်ရောင်းဝယ်ရေးဆိုင်တွေ ကြုံတွေ့နေရတဲ့ အခက်အခဲကို ဆက်လက်ပြောပြခဲ့ပါတယ်။

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ဟာ တရုတ်-မြန်မာနယ်စပ် ကျယ်ဂေါင်၊ ရွှေလီ၊ ရင်ကျန်း၊ ထိန်ချုံးမြို့တွေကို ရောက်လာတဲ့ ကျောက်စိမ်းအရိုင်းတွေနဲ့ မြန်မာနိုင်ငံ ဖားကန့်၊ မြစ်ကြီးနား၊ မန္တလေး၊ နေပြည်တော်တို့က နည်းလမ်းမျိုးစုံနဲ့ဝင်လာတဲ့ ကျောက်စိမ်းတွေကို လက်ဝတ်ရတနာ အချောထည်အနေနဲ့ တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ ပန်းပုစက်ရုံတွေ အများဆုံးတည်ရှိရာမြို့ ဖြစ်တယ်လို့ သိရပါတယ်။

အဲဒီမြို့မှာ ကျောက်စိမ်းအချောထည် စက်ရုံပေါင်း ၈၀၀ ကျော်လောက်ရှိရာမှ ၃၀၀ ကျော်ဟာ ပိတ်သိမ်းသွားတာကို တွေ့မြင်ခဲ့ရပါတယ်။ ကျောက်စိမ်းဈေးကွက်ကောင်းစဉ်က ကွမ်ကျိုးမြို့ ရတနာဈေးမှာ ရတနာကုန်သည် ငါးထောင်ကျော် ရှိခဲ့ပေမယ့် အခုချိန်မှာတော့ ကုန်သည် ၈၀၀ ကျော်လောက်သာ ကျန်ပါတော့တယ်လို့ ကွမ်ကျိုးမြို့ ရတနာကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ကထွက်တဲ့ ကမ္ဘာ့အရည်အသွေးအမြင့်ဆုံး ကျောက်စိမ်းတွေကို တရုတ်နိုင်ငံနဲ့ တရုတ်လူမျိုးအများစုက ဝယ်ယူသုံးစွဲနေတာဖြစ်ပါတယ်။ အခုလို ကျောက်စိမ်းဈေးကွက် ကျဆင်းလာရတာဟာ တရုတ်ရဲ့ နိုင်ငံရေးပေါ်လစီအပြောင်းအလဲနဲ့ အများကြီး သက်ဆိုင်နေတယ်လို့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒု-ဥက္ကဋ္ဌက ပြောပါတယ်။

"တရုတ်သမ္မတ ရှီကျင့်ဖျင်တက်လာတော့ ငွေကြေးထိန်းချုပ်တာတွေ လုပ်လာပါတယ်။ တရုတ် စီးပွားရေးလုပ်ငန်းရှင်တွေကို အရင်လိုငွေတွေအများကြီး ထုတ်ချေးမပေးတော့ဘူး။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွေ ပြင်းပြင်းထန်ထန်လုပ်လာတယ်။ တကယ်တန်ဘိုးကြီးတဲ့ကျောက်စိမ်းအများစုက လူကြီးတွေလာဘ်ထိုးတဲ့ နေရာမှာ အသုံးပြုကြတာများပါတယ်။ နောက်တစ်ခုက မြန်မာပြည်ကနေ တရုတ်ပြည်ထဲကို ဝင်လာတဲ့ ကျောက်စိမ်းတွေကို တရုတ်အစိုးရက အခွန် ၃၈ ရာခိုင်နှုန်းတိုးကောက်လိုက်တာပါ။ တရုတ်ကုန်သည်တွေက ကျောက်စိမ်းကို ဈေးအများကြီး ပေးမဝယ်တော့ပါဘူး"ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း၊ ဒုဥက္ကဋ္ဌဦးကျော်သူရက ပြောပါတယ်။

၂၀၁၃ ခုနှစ် ဧပြီလမှာ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တက်လာခဲ့ပါတယ်။ တရုတ်သမ္မတသစ်ဟာ အဂတိလိုက်စားမှုတွေ ဖောင်းပွနေတဲ့ အစိုးရယန္တရားကို စတင်ကိုင်တွယ်ခဲ့ပါတယ်။ ငွေကြေးပိုင်းဆိုင်ရာ ပေါ်လစီအသစ်တွေကိုလည်း ချမှတ်ခဲ့ပါတယ်။ တရုတ်အစိုးရက ကျောက်စိမ်းအပေါ်မှာ အခွန်တွေ တိုးမြှင့်ကောက်ခံတဲ့အတွက် တရုတ်ကုန်သည်အချို့ဟာ ရေလမ်းကြောင်းဖြစ်တဲ့ ဟောင်ကောင်ကို မှောင်ခိုလမ်းကြောင်းကနေ သယ်ယူရတဲ့အတွက် ကုန်ကျစရိတ်များပြီး အချိန်တွေလည်း ပိုကုန်တယ်လို့ဆိုပါတယ်။ ဒီအတွက် တရုတ်ကုန်သည်တွေ မြန်မာပြည်က ကျောက်စိမ်းကိုဝယ်ရင် အခွန်ပေးရတာတွေ၊ သယ်ယူစရိတ်တွေ၊ အချိန်ပိုကုန်တာတွေ စတာတွေကို တွက်ချက်ပြီးမှ ဝယ်ယူကြတာများတယ်လို့လည်း ၎င်းက ဆက်လက်ပြောဆိုခဲ့ပါတယ်။ ကျောက်စိမ်းဈေးကွက်ဟာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် လောက် အထိ တဟုန်ထိုး ဈေးကွက်ကောင်းခဲ့တယ်လို့ ကျောက်ကုန်သည်အများစုက ပြောပါတယ်။ မန္တလေးမှာတော့ ၂၀၁၆ ခုနှစ်လောက်ကစပြီး ကျောက်စိမ်းဈေးကွက် တဖြည်းဖြည်းကျဆင်းလာတယ်လို့ မန္တလေးဒေသခံကျောက်ကုန်သည်တွေထံက သိရပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်ဟာ အရောင်းအဝယ်မရှိသလောက် ဖြစ်နေတယ်လို့လည်း မန္တလေးမြို့ မဟာအောင်မြေ ကျောက်ဝိုင်းမှကျောက်ကုန်သည်တွေထံက သိရပါတယ်။

"ကျောက်ဈေးကွက်ကတော့ မကောင်းဘူး၊ ဆိုးဆိုးရွားရွားကို မကောင်းတာ"လို့ မန္တလေးကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောပါတယ်။

ကျောက်စိမ်းဈေးကွက် ကျဆင်းနေတယ် ဆိုပေမယ့်လည်း အရည်အသွေးကောင်းကျောက်ဆီကျောက်သားရှိတဲ့ ကျောက်တွေဆိုရင် အရောင်းအဝယ်ဖြစ်တယ်လို့လည်း ဆိုပါတယ်။

"ကျောက်ဆီကျောက်သားမြင့်တဲ့ ကျောက်တွေကတော့ သူ့ဟာနဲ့သူဖြစ်ပါတယ်။ ခါးကျောက်နဲ့ အောက်ကျောက်တွေကတော့ အရောင်းအဝယ်မရှိသလောက်ပဲ"လို့ ဖြတ်သားနဲ့ လက်ကောက်ဝယ် ရောင်းကုန်သည် ကိုကျော်က ပြောပါတယ်။

ကျောက်စိမ်းဈေးကွက်ကျဆင်းနေတာနဲ့ ပတ်သက်ပြီး ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးကတော့ "ရှားမှ ရတနာပါ။ တူးဖော်မှုတွေကို စနစ်တကျ ထိန်းချုပ်နိုင်ဖို့ ကျနော်တို့ကြိုးစားရမှာပါ။ နောက်ပြီး ပြည်တွင်းမှာ ကျောက်စိမ်းဈေးကွက်ကြီး ဖြစ်ပေါ်အောင်လည်း လုပ်ဆောင်ရမှာပါ" လို့ ဆိုပါတယ်။

ဦးတင့်စိုးဟာ တရုတ်နိုင်ငံရဲ့ ကျောက်စိမ်းဈေးကွက်ကြီးတည်ရှိရာ မြို့တွေဖြစ်တဲ့ ကူမင်း၊ ရှန့်ဟိုင်း၊ ပီကင်း၊ ဟောင်ကောင်၊ မကာအိုနဲ့ ကွမ်ကျိုးမြို့တွေကို ကျောက်စိမ်းဈေးကွက် သွားရောက် လေ့လာခဲ့ပြီး ရက်ပိုင်းအတွင်းကမှ ပြန်ရောက်ခဲ့သူလည်း ဖြစ်ပါတယ်။

သူဆက်ပြောတာကတော့ "ကျနော်တို့ထင်ထားတာထက် တောင်ဆိုးနေပါတယ်။ ကျနော်တို့က တရုတ်ဝယ်လက်ကိုပဲ မှီခိုနေရတာပါ။ တရုတ်ပြည်မှာကလည်း တော်တော်လေးကို အခြေအနေဆိုးတာကို တွေ့ခဲ့ရတယ်"ဟု သူလေ့လာတွေ့ရှိခဲ့တာတွေကို ပြန်လည်ပြောပြခဲ့ပါတယ်။

"ကျောက်စိမ်းဈေးကွက်ကျဆင်းနေရတာဟာ စက်ယန္တယားကြီးတွေ အလွန်အကျွံသုံးပြီး ကျောက်စိမ်းတွေကို ဖုံးပေါလအော ထုတ်လုပ်နေတာကြောင့်လို့လည်း အများစုက ပြောဆိုနေကြပါတယ်။ နိုင်ငံပေါင်း ၈၉ နိုင်ငံကို သုတေသနပြုလုပ်ခဲ့တဲ့ နိုင်ငံတကာ သယံဇာတ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ အဆိုအရကမ္ဘာပေါ်ကအရည်အသွေးမြင့်ကျောက်ဈေးကွက်မှာမြန်မာ့ကျောက်စိမ်းရဲ့ပါဝင်မှုဟာ ၇၀ ရာခိုင်နှုန်းကျော် ရှိတယ်လို့ ဆိုပါတယ်။ သို့ပေမဲ့လည်း ဒီလုပ်ငန်းတွေကရတဲ့ အကျိုးအမြတ်တွေ ပြည်သူ့ဘဏ္ဍာထဲကို စီးဝင်တဲ့ပမာဏဟာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ သယံဇာတထုတ်ယူသုံးစွဲမှုနဲ့ပတ်သက်ပြီး ကျောက်စိမ်းကဏ္ဍဟာ ကမ္ဘာ့အညွန်းကိန်းမှာ မျက်နှာပန်းမလှယုံမျှမကဘဲ သဘာဝပတ်ဝန်းကျင် ဆိုးဆိုးရွားရွားပျက်စီးမှု၊ ဘေးအန္တရာယ်ကျရောက်မှုတွေကြောင့် ပြည်တွင်းမှာလည်း နာမည်ဆိုးထွက်နေဆဲဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ပဋိပက္ခတွေ၊ အကျင့်ပျက်ခြစားမှုတွေ၊သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေနောက်ကွယ်က စီးပွားရေးလုပ်ငန်းတွေကို စုံစမ်းတဲ့ အင်္ဂလန်နိုင်ငံအခြေစိုက် Global Witness အဖွဲ့ကြီးက မြန်မာ့ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းစဉ်များရဲ့ မသမာမှုတွေကို စာမျက်နှာ ၁၂၈ မျက်နှာပါတဲ့ အစီရင်ခံစာထွက်ပေါ်လာခဲ့ပါတယ်။ ၂၀၁၄ခုနှစ်အတွင်းမှာ တရုတ်နိုင်ငံရဲ့ သွင်းကုန်လုပ်ငန်း အချက်အလက်တွေကို အခြေခံတွက်ချက်ထားတဲ့ ကိန်းဂဏန်းတွေအရ ကျောက်စိမ်းလုပ်ငန်းတစ်ခုတည်းရဲ့ဝင်ငွေဟာ ဒေါ်လာသန်းပေါင်း သုံးသောင်းကျော်အထိရှိတယ်လို့ အစီရင်ခံစာကဆိုပါတယ်။

ကျောက်စိမ်းတူးဖော်မှုနဲ့ ပတ်သက်ပြီး NLD အစိုးရသစ်တက်လာပြီး ၂၀၁၆ခုနှစ် ဧပြီလကစလို့ ကျောက်မျက်လုပ်ကွက်တွေကို သက်တမ်းတိုးတာတွေ၊ လုပ်ကွက်အသစ်ချပေးတာတွေ ထပ်မလုပ်ဖို့ ယာယီ ရပ်ဆိုင်းခဲ့ပါတယ်။ NLD အစိုးရက ကျောက်မျက်လုပ်ကွက်တွေကို အခုလိုထိန်းချုပ်ပေမယ့်လည်း သမ္မတဦးသိန်းစိန်အစိုးရက NLD အစိုးရလက်ကို တာဝန်လွှဲပြောင်းခါနီးအထိ လုပ်ကွက်အမြောက်အများကို ချထားပေးခဲ့တယ်လို့ ဖားကန့်မြို့နယ် ပြည်သူ့လွှတ်ကိုယ်စားလှယ် ဦးတင့်စိုးက ပြောပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာကစလို့ လုပ်ကွက်တွေ ချထားပေးခဲ့ပြီး NLD အစိုးရသစ်စတင်ဖွဲ့စည်းခွင့်ရတဲ့ ၂၀၁၆ ဧပြီလအထိ လုပ်ကွက်သစ်တွေ ချထားပေးခဲ့တာတောင် ရှိတယ်လို့ ၎င်းက ဆက်လက်ပြောဆိုခဲ့ပါတယ်။ ဖားကန့်ကျောက်စိမ်းတွင်း ဒေသမှာ ကျောက်စိမ်းလုပ်ကွက် ၂၃ ကွက်ဟာ ၂၀၂၀ ခုနှစ်မှာ သက်တမ်းကုန်မယ့်လက်ရှိအစိုးရရဲ့ နောက်တစ်နှစ် ၂၀၂၁ ထိ လုပ်ကိုင်ခွင့်ရထားတယ်လို့လည်း သိရပါတယ်။

၂၈. ၈. ၂၀၁၇ ရက်နေ့က ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းဝေးမှာ ကျောက်မျက်နဲ့ တွင်းထွက်သယံဇာတတွေကို အနာဂတ်နိုင်ငံတော်နဲ့ နောင်လာနောင်သားတွေ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ဖို့လိုအပ်မှသာ ထုတ်ယူသုံးစွဲဖို့ အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုကို စေတုတ္တရာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က တင်သွင်းခဲ့တာဖြစ်ပြီး သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ခံခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ တွင်းထွက်သယံဇာတ တူးဖော်မှုလုပ်ငန်းတွေ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး EITI (Extractive Industry Transparency Initiative) အဖွဲ့ကို ၄၅ နိုင်ငံမြောက်အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

မြန်မာ့ကျောက်စိမ်းဈေးကွက်ဟာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ လောက်အထိ ဈေးကွက်အကောင်းဆုံးအနေအထားကို ရောက်ခဲ့ပါတယ်။ ၂၀၁၅ရွေးကောက်ပွဲပြီးနောက်ပိုင်းဈေးကွက် တဖြည်းဖြည်းထိုးကျလာခဲ့ပါတယ်။ တရုတ်အစိုးရ အပြောင်းအလဲ၊ မူဝါဒအပြောင်းအလဲတွေနဲ့ အတူ ပြည်တွင်းထုတ်လုပ်မှု များပြားလွန်းမှုတွေကြောင့် လက်ရှိကျောက်စိမ်း ဈေးကွက်အခြေအနေဟာမကြုံစဖူး ဆိုးဆိုးရွားရွားအခြေအနေနဲ့ရင်ဆိုင်နေရတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လက နေပြည်တော်မှာ ကျင်းပခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ ယူရိုသန်း ၆၉၀ ကျော် ရောင်းချနိုင်ခဲ့ပေမယ့် ၂၀၁၈ ဇူလိုင်လမှာ ကျင်းပခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာတော့ယူရို၄၂၅သန်းကျော်သာ ရောင်းချခဲ့ရတယ်လို့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက သိရပါတယ်။

**ဇော်မိုးထက်(ဖားကန့်)**

မြစ်ကြီးနားသတင်းဂျာနယ်
(စက်တင်ဘာ ၁၇ ၊ ၂၀၁၈)

# နေမာ သို့မဟုတ် ဘာပေ တစ်ဦးဦးကို အရခေါ်ယူနိုင်ရန် ရီးရဲလ်မက်ဒရစ်အသင်း ယူရို သန်း၃၃၀ သုံးစွဲမည်ဟု AS သတင်းစာဖော်ပြ




ဥရောပချန်ပီယံလိဂ် (၃) နှစ်ဆက် ချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းသည် PSG အသင်းမှ တိုက်စစ်မှူးများ ဖြစ်ကြသည့် နေမာ(သို့)ဘာပေ တစ်ဦးဦးကိုခေါ်ယူနိုင်ရန် ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၃၀ အထိ သုံးစွဲလိမ့်မည်ဟု AS သတင်းစာကဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါကစားသမား နှစ်ဦးသည် လက်ရှိကမ္ဘာ့ဘောလုံးသမိုင်းတွင် ဈေးအကြီးဆုံးကစားသမားများအဖြစ် ရပ်တည်နေကြပြီး နေမာသည် PSG အသင်းအတွက် ၃၅ ပွဲကစားကာ ၂၅ ဂိုးသွင်းယူထားနိုင်ကြောင်း သိရသည်။ AS သတင်းစာက ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အသင်းမှ ပြောင်းရွှေ့သွားသော ၎င်းတို့၏ အဓိက ကစားသမား ရိုနယ်ဒို၏နေရာတွင် ယခုအချိန်အထိ တိုက်ရိုက်အစားထိုးနိုင်ခြင်း မရှိသေးရာ ကစားသမားအသစ် တစ်ဦးအတွက် ယူရို သန်း ၃၃၀ သုံးစွဲတော့မည်ဟု ဖော်ပြခဲ့သည်။

# ဘာစီလိုနာအသင်း၏ပစ်မှတ် အေဂျက်လူငယ်ကစားသမားဒီရောင်းကို ခေါ်ယူလိုသော အသင်းများတွင် စပါးအသင်းပါဝင်လာ



ပရီးမီးယားလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းသည် ဘာစီလိုနာအသင်း၏ ပစ်မှတ် အေဂျက်လူငယ်ကစားသမား ဖရန့်ကီဒီရောင်း (၂၁)နှစ်ကို ခေါ်ယူရန် ပြင်ဆင်ကြိုးပမ်းလာကြောင်း သိရသည်။

နယ်သာလန် ယူ-၂၁ လက်ရွေးစင်ကစားသမား ဒီရောင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ဘာစီလိုနာအသင်းနှင့် အခြားဥရောပအသင်းကြီးများ၏ ဆက်သွယ်ကမ်းလှမ်းမှုများခံရသည့် ကြယ်ပွင့်ကစားသမား တစ်ဦးဖြစ်သည်။ စပိန်သတင်းစာ Mundo Deportivo ၏ ဖော်ပြချက်အရ ဒီရောင်းအား ခေါ်ယူနိုင်မည့်အသင်းမှာ ဘာစီလိုနာအသင်းသာဖြစ်နိုင်ချေများသော်လည်း စပါးနည်းပြ ပိုချက်တီနိုမှာ ဒီရောင်း၏ ပရိသတ် တစ်ဦးဖြစ်ကြောင်းနှင့် ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

# နည်းပြဘဝကို ဘာစီလိုနာအသင်း၌သာ အဆုံးသတ်သွားရန် မျှော်လင့်မိသည်ဟု မန်စီးတီးနည်းပြ ဂွါဒီယိုလာ ထုတ်ဖော်ပြောဆို



မန်စီးတီးအသင်း၏ နည်းပြ ပက်ဂွါဒီယိုလာက သူ၏ နည်းပြဘဝကို သူစတင်လုပ်ကိုင်ခဲ့သည့် ဘာစီလိုနာအသင်း၌သာ အဆုံးသတ်သွားရန် မျှော်လင့်မိသည်ဟု ထုတ်ဖော် ပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်းနှင့်အတူ စံချိန်တင်ဆုဖလားများရယူနိုင်ခဲ့သော အသက် ၄၇ နှစ်အရွယ်ရှိ ဂွါဒီယိုလာသည် လက်ရှိ မန်စီးတီးအသင်းနှင့် လည်း အောင်မြင်မှုများ ထပ်မံရယူနိုင်လိမ့်မည်ဟု ဘောလုံးကျွမ်းကျင်သူများ၏ မှတ်ချက်ပြုခြင်း ခံထားရသူဖြစ်သည်။ ဂွါဒီယိုလာက "ကျွန်တော် အခု စီးတီးမှာ အစစ အရာရာ အဆင်ပြေနေပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ နည်းပြဘဝကိုတော့ ဘာစီလိုနာအသင်းမှာပဲ အဆုံးသတ်သွားဖို့ မျှော်လင့်မိပါတယ်"ဟု ပြောဆိုခဲ့သည်။ မန်စီးတီးအသင်းနှင့် ဂွါဒီယိုလာ၏ လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဟုလည်း သိရသည်။

# အက်သလက်တီကိုမက်ဒရစ်အသင်းမှ စပိန်လက်ရွေးစင်ကွင်းလယ်ကစားသမား ဆာအူးလ်ကို စာချုပ်လျော်ကြေးငွေ ယူရို ၁၃၄ သန်းပေးချေ၍ခေါ်ယူရန် မန်ယူအသင်းပြင်ဆင်နေ



ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ စပိန်လက်ရွေးစင် ကွင်းလယ်ကစားသမား ဆာအူးလ်ကို စာချုပ်လျော်ကြေးငွေအတိုင်း ယူရို ၁၃၄ သန်းပေးချေ၍ ခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် လူငယ်ကွင်းလယ်ကစားသမားဆာအူးလ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက်ပြိုင်ပွဲစုံပွဲ(၂၀၀)ကျော်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီးဖြစ်သကဲ့သို့ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်၊ ခရိုအေးရှားအသင်းအတွက် ဂိုးများသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ စပိန်သတင်းစာများ၏ ဖော်ပြချက်အရ ဆာအူးလ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ၂၀၁၆ ခုနှစ် နွေရာသီရောက်မှသာ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းက ဆာအူးလ်အား အဆိုပါစာချုပ်လျော်ကြေးငွေအတိုင်း ယူရို ၁၃၄ သန်း ပေးချေကာ ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

# တိုက်စစ်မှူး အဂွဲရိုးနေရာတွင်အစားထိုးရန် မန်စီးတီးအသင်း တိုက်စစ်မှူးသစ်စတင်ရှာဖွေနေပြီဖြစ်ကြောင်း သိရ



ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းသည် စာချုပ်သက်တမ်း ၂ နှစ်သာ ကျန်ရှိတော့သည့် ၎င်းတို့အသင်း၏ တိုက်စစ်မှူးအဂွဲရိုး ထွက်ခွာသွားခဲ့ပါက အသင့် အစားထိုးနိုင်ရန် တိုက်စစ်မှူးအသစ်တစ်ဦးကို စတင်ရှာဖွေနေပြီဖြစ်ကြောင်း သိရသည်။

သတင်းများ၏ ဖော်ပြချက်အရ မန်စီးတီးအသင်းတွင် အဂွဲရိုးအပြင် တိုက်စစ်မှူး ဂါဘရီရယ်ဂျီဆပ် ရှိနေသေးသော်လည်း နည်းပြ ဂွါဒီယိုလာက နောက်ထပ် ခေါ်ယူမည့် တိုက်စစ်မှူးအသစ်ကို အဂွဲရိုးထံမှ ၁ နှစ်ခန့် အနီးကပ်သင်ယူစေလိုခြင်းကြောင့် ယခုကဲ့သို့ စောစီးစွာ ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

ကိုပြည့်စုံ (T.U)




## DAIKIN AIR CONDITIONER

ရာသီဥတု ပူတာနဲ့ဆိုတော့ စာဖတ်ပရိသတ်တွေအတွက် လူတွေပြုလုပ်တဲ့ အိုအေစစ်လေး အကြောင်း ပြောပြမယ်နော်။ အိုအေစစ်ဆိုမှတော့ air-con ကလွဲပြီး တခြားမရှိဘူးလေနော်။ Aircon ကို အများအားဖြင့် မြန်မာနိုင်ငံက လူတော်တော်များများက ဇိမ်ခံပစ္စည်းသက်သက်၊ အပိုပစ္စည်းအဖြစ်သာ မြင်တတ်ကြတယ်။ Air-con ဆိုတာ အခန်းအပူချိန်ကို လျှော့ချဖို့နဲ့ လူ့ခန္ဓာကိုယ် အပူအအေးကို ထိန်းညှိပေးဖို့အတွက် သိပ္ပံပညာရှင်နဲ့ အီလက်ထရွန်းနစ် အင်ဂျင်နီယာတွေ ပူးပေါင်းတီထွင်ထားတဲ့ပစ္စည်းဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတု၊ သဘာဝနဲ့ လူသားတွေ နေထိုင်ရာမှာ အပူအအေးမျှတအောင် ထိန်းညှိပေးတဲ့ပစ္စည်း ဖြစ်တဲ့အတွက် ဇိမ်ခံပစ္စည်းသက်သက် မဟုတ်ပါဘူး လူ့အဖွဲ့အစည်းအတွက် လူသားအကျိုးအတွက် တီထွင်ထားတာ ဖြစ်ပါတယ်။

Air-con အသုံးပြုမယ့် စာဖတ်ပရိသတ်တွေအတွက် daikin air conditioner နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ Daikin ဟာ အရည်အသွေး စံချိန်မီထုတ်လုပ်ထားတဲ့ ဂျပန်နိုင်ငံရဲ့ အကောင်းဆုံးတံဆိပ်ဖြစ်တဲ့အပြင် ကမ္ဘာမှာလည်း နံပတ်တစ်ပါပဲ။ ကမ္ဘာတစ်ဝန်းမှာ daikin လေအေးပေးစက်တွေ အခြေစိုက်ထုတ်လုပ်တဲ့နေရာ ၈၀ ကျော်ရှိပြီး ရောင်းချရာ နိုင်ငံပေါင်း ၁၅၀ ကျော် ရှိတယ်လို့လည်း သိရတယ်။ ဒါ့အပြင် အခု မြန်မာနိုင်ငံမှာသာမက မြစ်ကြီးနားမြို့မှာပါ ကိုယ်စားလှယ် ရောက်ရှိလာခဲ့ပါပြီ။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀% အထိ လျှော့ချနိုင်တဲ့ daikin ရဲ့ inverter နည်းပညာသုံး air-con တွေဟာ စွမ်းအင်သုံးစွဲမှုကို non_inverter ထက် လျှော့နည်းစေနိုင်တဲ့အပြင် ဘယ်လိုပတ်ဝန်းကျင် ဘယ်လိုအပူချိန်မျိုးမှာပဲဖြစ်ဖြစ် အဆင်ပြေတဲ့အပြင် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သန့်ရှင်းအေးမြမှုတွေနဲ့အတူ သက်သောင့်သက်သာဖြစ်စေမှာပါ။ ဒါ့အပြင် timer စနစ်နဲ့ auto run နိုင်တဲ့အပြင် အဲကွန်းကို အလွယ်တကူ သန့်ရှင်းရေးပြုလုပ်နိုင်ပါတယ် ကိုယ့်အခန်းရဲ့ လိုအပ်ချက်အလိုက် တပ်ဆင်ချင်တဲ့ မြင်းကောင်ရေကို အလွယ်တကူ ရွေးချယ်ဝယ်ယူနိုင်တဲ့အတွက် လူကြီးမင်းတို့ စိတ်တိုင်းကျဖြစ်စေမှာပါ။

Daikin ရဲ့အေးမြမှုတွေကို သင်နဲ့အတူ ယူဆောင်ထားခြင်းတယ်ဆိုရင်တော့ မြစ်ကြီးနားမြို့မှာရှိတဲ့ ဆိုင်ခန်းမှာပဲဖြစ်ဖြစ် ဖုန်းနဲ့ပဲဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ်။ Daikin က အိမ်တိုင်ရာရောက် ဝန်ဆောင်မှုအပြည့် ပေးသွားမှာပါ။

# နှစ်ပေါင်း ၆၀ ခန့် တိမ်မြုပ်ခဲ့သော ကချင်ရိုးရာ NLung Nnan ကောက်သစ်စား မနောင်ပွဲကြီး ပြန်လည်ကျင်းပတော့မည်

မြစ်ကြီးနား၊ စက်တင်ဘာ ၁၂

NLung Nnan ဟုခေါ်သော ကချင်ရိုးရာမနောင်ပွဲကို မြစ်ကြီးနားမြို့တွင် လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတော်ကြီးကို ယခုနှစ် နိုဝင်ဘာလ ၁၃ ရက်မှ ၁၆ ရက်နေ့အထိ မြစ်ကြီးနား မနောင်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်ဟု သမိုင်းရေးရာတာဝန်ခံ ဆရာဦးဆင်ဝါး နော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီပွဲက လုံးဝလုပ်ရမဲ့ပွဲ ဟုတ်တယ်။ အခြေအနေအမျိုးမျိုးကြောင့် အရင်က မလုပ်ဖြစ်ဘူး၊ ဒီနှစ်တော့ အစိုးရရဲ့ခွင့်ပြုချက်ရလို့ ဒီပွဲကိုလုပ်နိုင်တာ ဖြစ်တယ်"ဟု ဦးဆင်ဝါးနော်ကပြောသည်။

၎င်းမနောင်ပွဲကြီးကိုကချင်ပြည်နယ်တစ်ပြည်နယ်လုံးမှ ပြည်သူများသာမက နိုင်ငံခြားမှ ဧည့်သည်များလည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကောက်သစ်စားပွဲ ခေါ် (NLung Nnan) မနောင်ပွဲတွင် အားကစားပွဲများလည်း ထည့်သွင်းမည်ဖြစ်ကြောင်း သိရသည်။

ကချင် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မနောင်ပွဲကြီးဖြစ်သဖြင့် ကချင်လူမျိုးများ၏ စည်းလုံးခြင်းကို သိရှိရန်ဖြစ်ကြောင်းနှင့် ကောက်သစ်စား မနောင်ပွဲကြီးကို ပြုလုပ်ခြင်းဖြစ်သည်ဟု သိရသည်။

ယခုမနောင်ပွဲသည်နှစ်စဉ် ဇန်နဝါရီလ ၁၀ ရက်နေ့၊ ကချင်ပြည်နယ်နေ့တိုင်း ကျင်းပနေသည့် မနောင်ပွဲနှင့်မတူပါ။

Ah Je






EXTRA
စတောက်
အခွင့်အရေး
သိန်း ၁၀၀
(၃)ဆု
ABC
EXTRA STOUT
သိန်း(၁၀၀)ကျပ်
(၁၀၀၀)ကျပ်
(၅၀၀)ကျပ်
ONE THD
FIVE HRD
(၁)ဗူး
ကျေးဇူးတင်ပါသည်
THANKS
၂၀၁၈ စက်တင်ဘာ(၁)ရက်နေ့မှ ပစ္စည်းလက်ကျန် ရှိသည့်အချိန်အထိ
တောင်ကြီး၊ မြစ်ကြီးနား၊ မကွေးမြို့သီးသန့်(အခြားမြို့များတွင်လဲလှယ်၍မရပါ)
ဆုမဲများကို ၂၀၁၈၊ နိုဝင်ဘာ(၁၅)ရက်ထိသာလဲလှယ်နိုင်ပါသည်။
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဗူးလက်ဆောင်များကို ဝယ်ယူသည့် အရောင်းဆိုင်များတွင် တစ်ခါတည်း ထုတ်ယူနိုင်ပါသည်။ မဲပေါက်သော ဘီယာဗူးလက်ဆောင် များအား မဲမပါသော ရိုးရိုးသံဗူးများဖြင့်သာ လဲလှယ်ပေးပါမည်။ တောင်ကြီး၊ မြစ်ကြီးနား နှင့် မကွေးမြို့များတွင်သာ ဆုမဲ လဲလှယ်နိုင်သည်။
၃ သိန်း (၁၀၀) ဆုမဲကြီးအား ရန်ကုန်မြို့ရုံးချုပ်တွင်သာ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။
၄ အကယ်၍ အငြင်းပွားမှုများ (သို့မဟုတ်) အတုအပ ပြုလုပ်မှုများနှင့် မမှန်ကန်သော နည်းလမ်းများ တစုံတရာ ပေါ်ပေါက်လာပါက ABC Extra Stout ( HEINEKEN Myanmar Enterprise Limited) သည်သာလျှင် အတည်ပြု ဆုံးဖြတ်ခွင့်နှင့် သဘောတူ လုပ်ပိုင်ခွင့် အပြည့်အဝ အလုံးစုံရှိသည်။
၅ HEINEKEN Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖက်စပ် ကုမ္ပဏီများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့် မိသားစု ဆွေမျိုးများ ပါဝင်ကံစမ်းခွင့်မရှိပါ။
အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို
www.facebook.com/ABCExtraStoutMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
+18 ABC EXTRA STOUT အား ချင့်ချိန်မှုတစ္စာ နှစ်ခြိုက်ခံစားပါ